ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၆ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 24 May 2023 ၁၁၁၀၅

**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။
၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။
၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။
၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။
၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၇၅)ကြိမ်မြောက် စိန်ရတုတိပိဋကဓရ တိပိဋကကောဝိဒ စာအောင် သာသနာ့အာဇာနည် အရှင်သူမြတ်တို့အား အောင်လက်မှတ်နှင့် ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း

## (၇၅) နှစ်တာကာလအတွင်း တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည်အရှင်သူမြတ် ၁၅ ပါး၊ တိပိဋကဓရ ပိဋကတ်သုံးပုံ အာဂုံဆောင် သာသနာ့အာဇာနည်အရှင်သူမြတ် ခုနစ်ပါး ပေါ်ထွန်းခဲ့



(၇၅)ကြိမ်မြောက် စိန်ရတုတိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်သူမြတ် အပါး ၁၅၂ ပါးတို့အား ချီးကျူးပူဇော်ပွဲနှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာအခမ်းအနားကျင်းပစဉ်။

**နေပြည်တော် မေ ၂၃**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော (၇၅) ကြိမ်မြောက် စိန်ရတု တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲတွင် အောင်မြင်တော် မူကြသည့် သာသနာ့အာဇာနည်အရှင်သူမြတ် အပါး ၁၅၂ ပါးတို့အား ချီးကျူးပူဇော်ပွဲနှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပသည်။

**ကြွရောက်တော်မူ**

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မြို့ မင်းကျောင်းပထမပြန် စာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော ဆရာတော်ကြီးများ၊ တိပိဋက ဓရ

စာမျက်နှာ ၃ ကော်လံ ၁ သို့ ○

**ယနေ့ ဖတ်စရာ**



**အချိန်ခါရှိခိုက် လုံ့လစိုက်၍ ကျောင်းနေပျော်ပြီး ပညာတော်အောင် ရှက်ဆောင်ကြိုးပမ်း . . .**
ဆောင်းပါး စာမျက်နှာ » ၁၃

**မုန်တိုင်းသင့်ပြည်သူများအတွက် ထိုင်းနိုင်ငံမှ ပေးပို့သည့် အကူအညီပစ္စည်းများ ရောက်ရှိ**
စာမျက်နှာ » ၁၆



ကြေးမုံ

# နိုင်ငံ့စီးပွားမြှင့်တင်ရေး လက်တွဲကြိုးပမ်း

မြန်မာနိုင်ငံ၏စီးပွားရေးသည် ၂၀၁၈ ခုနှစ်မှစတင်၍ ကျဆင်းလာခဲ့သည်။ ၂၀၂၀ ပြည့်နှစ်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်ခဲ့မှုကြောင့် စီးပွားရေးပိုမိုကျဆင်းခဲ့ရသည်။ ၂၀၂၀ ပြည့်နှစ်မှစတင်၍ ဖြတ်သန်းလာခဲ့သည့် နှစ်နှစ်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါနှင့် နိုင်ငံရေးအကျပ်အတည်းများကြောင့် စီးပွားရေးကျဆင်းမှုများ ဖြစ်ပေါ်ခဲ့သည်။ နိုင်ငံတော်အစိုးရအနေဖြင့် အခက်အခဲများကြားမှ ရုန်းကန်ကြိုးပမ်း ဆောင်ရွက်ခဲ့ရာ ၂၀၂၂ ခုနှစ်တွင် နိုင်ငံ့စီးပွားရေး အတိုင်းအတာတစ်ခုအထိ တိုးတက်လာပြီး ၂၀၂၃ ခုနှစ်တွင် ပိုမိုတိုးတက်လာသည်။

တိုင်းပြည်စီးပွားရေးကျဆင်းခဲ့ရာတွင် ပြည်တွင်းကုန်ထုတ်လုပ်ငန်းများကို အားပေးမှုနည်းပါးခြင်းသည်လည်း ပါဝင်ခဲ့သည်။ နိုင်ငံတော်အစိုးရသည် "စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး"၊ "သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက် ကုန်ကြမ်းများကိုအခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME) များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ကုန်ထုတ်လုပ်ငန်းများစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး"ဟူသည့် စီးပွားရေးဦးတည်ချက်များကို အကောင်အထည်ဖော်လျက်ရှိသည်။

မြန်မာနိုင်ငံသည် ရေမြေသဘာဝကောင်းမွန်ပြီး ပြည်တွင်းသယံဇာတများ ပေါများကြွယ်ဝသောနိုင်ငံဖြစ်သည်။ ပြည်တွင်း၌ ကုန်ကြမ်းအမျိုးမျိုး ပေါများစွာထွက်ရှိပြီး အထူးသဖြင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အားကောင်းသည်။ ထို့ကြောင့် နိုင်ငံတော်၏စီးပွားရေးကို ထိရောက်စွာမြှင့်တင်ပြီး အကောင်အထည်ဖော်နိုင်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စီးပွားရေးနှင့်ပတ်သက်၍ လိုအပ်သည်များကို ဆွေးနွေးပြောကြားနိုင်ရန်၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် နိုင်ငံတစ်ဝန်းသို့ မကြာခဏသွားရောက်၍ အားပေးမြှင့်တင်ကူညီဆောင်ရွက်ပေးလျက်ရှိရာ ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ယခင်ကထက် ပိုမိုတိုးတက်ဖြစ်ထွန်းလာသည်။

မြန်မာနိုင်ငံတွင် မိုးစပါးစိုက်ဧက ၁၅ သန်းရှိပြီး လယ်ယာစိုက်ပျိုးဧက ၁၃ သန်းကျော်ရှိသည်။ အဆိုပါစိုက်ပျိုးမြေများ၌ မိုးစပါးအပြီး သီးထပ်များကို စိုက်ပျိုးမည်ဆိုပါက သီးထပ်စွမ်းအားများ တိုးတက်လာမည်ဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများသည် ပိုမိုအောင်မြင်နိုင်သည့် အခြေခံခိုင်မာပြီးသော ကုန်ထုတ်လုပ်ငန်းများဖြစ်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စီးပွားရေးလုပ်ငန်းများကို မြှင့်တင်အားပေးလျက်ရှိသည်။ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ၊ မြေသယံဇာတပစ္စည်းများ၊ ရေသယံဇာတပစ္စည်းများကို ထိရောက်စွာအသုံးချ၍ အပြည့်အဝထုတ်လုပ်နိုင်အောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ရမည်ဖြစ်သည်။ မျိုး၊ မြေ၊ ရေ၊ နည်း ကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်လျှင် တစ်ဧကအထွက်နှုန်းတိုးပြီး ဒေသအလိုက်ဝင်ငွေများ တိုးတက်ရရှိလာမည်ဖြစ်သည်။

MSME လုပ်ငန်းများဆောင်ရွက်ရာတွင် ကုန်ကြမ်းပစ္စည်းများနှင့် လျှပ်စစ်ဓာတ်အားရရှိရေးသည် အရေးကြီးသည်။ နိုင်ငံတော်အနေဖြင့် ယခင်ကတည်းက လျှပ်စစ်ဓာတ်အားပေးစီမံကိန်းများကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် နှောင့်နှေးခြင်းနှင့် ရပ်တန့်ခြင်းများ ရှိခဲ့သည်။ ထို့ကြောင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်များ ကြုံတွေ့နေရသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးအချို့တွင် လျှပ်စစ်ဓာတ်အားပေးရေးလုပ်ငန်းများကို PDF အမည်ခံအကြမ်းဖက်သမားများအပါအဝင် လက်နက်ကိုင်အဖွဲ့အစည်းအချို့၏ ဖျက်ဆီးမှုများကြုံတွေ့ခဲ့ရသည်။ နိုင်ငံတော်အစိုးရအနေဖြင့် အခက်အခဲ အနှောင့်အယှက်များကြားမှ လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

MSME လုပ်ငန်းများအတွက် လိုအပ်သော အရင်းအနှီးမတည်ငွေများကို သတ်မှတ်ချက်နှင့်အညီ ထုတ်ချေးပေးလျက်ရှိသည်။ အလားတူ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့်လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန် စိုက်ပျိုး၊ မွေးမြူ စက်မှုနည်းပညာအထက်တန်းကျောင်းများကို ဖွင့်လှစ်ပေးလျက်ရှိသည်။ စိုက်ပျိုးရေးလုပ်ငန်းများအတွက် အဓိကလိုအပ်သည့် ဓာတ်မြေဩဇာများနှင့် သယ်ယူပို့ဆောင်ရေးအပါအဝင် အခြားလုပ်ငန်းသုံးစက်သုံးဆီများကို ပြည်ပမှ ဝယ်ယူတင်သွင်းပေးလျက်ရှိရာ နိုင်ငံတွင် နိုင်ငံခြားငွေလုံလောက်စွာရရှိနိုင်ရန် အတွက် ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်သည်။

သို့ဖြစ်ရာ နိုင်ငံ့စီးပွားမြင့်မားတိုးတက်လာရေးအတွက် ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိရာ ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလာအောင် နိုင်ငံတော်နှင့် လက်တွဲပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်
ရာပြည့်အထိမ်းအမှတ်အခမ်းအနား
၂၀၂၃ ခုနှစ် မေလ ၂၆ ရက်

MONREC

UFES

CENTENARY OF FORESTRY

မြန်မာနိုင်ငံတက္ကသိုလ်အဆင့် သစ်တောပညာကို ၁၉၂၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် နှစ် (၁၀၀) ပြည့်မြောက်သဖြင့် ရာပြည့်အထိမ်းအမှတ် အခမ်းအနားအား ၂၀၂၃ ခုနှစ် မေလ ၂၆ ရက်နေ့တွင် သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၌ ကျင်းပပါမည်။

## မြန်မာနိုင်ငံ ပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းနိုင်ထွန်းကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၃ - ၅ -၂၀၂၃)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၂၀၀ | ၈,၀၀၀ | ၈၀ | ၆၄၂,၂၀၀ |
| MTSH | ၂,၉၀၀ | ၂,၉၀၀ | ၁,၁၀၁ | ၃,၁၉၂,၉၀၀ |
| MCB | ၇,၁၀၀ | ၇,၁၀၀ | ၃,၀၀၀ | ၂၁,၃၀၀,၀၀၀ |
| FPB | ၁,၄၀၀ | ၁,၄၅၀ | ၁,၀၀၁ | ၁,၄၀၁,၄၅၀ |
| TMH | ၂,၄၀၀ | ၂,၄၀၀ | ၀ | ၀ |
| EFR | ၂,၅၅၀ | ၂,၅၅၀ | ၁ | ၂,၅၅၀ |
| AMATA | ၄,၇၀၀ | ၄,၇၀၀ | ၂၄၄ | ၁,၁၄၆,၈၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မေ ၂၃

| နိုင်ငံခြားငွေလဲလှယ်နှုန်း | မြန်မာငွေကျပ် | | |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၂၂၆၄.၀ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၂၉၇.၆၄ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၆၀.၅၄၅ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၅၉.၅၂ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၃၆၁ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၉၀.၂ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၅၉.၅ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၅၁၆.၇ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၉.၁၇ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးခိုင်ဝင်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစည်သူလွင်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁




တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ သြဝါဒါစရိယအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ မိုးကောင်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသုမင်္ဂလာစာရာဘိဝံသ မဟာထေရ်မြတ်ကြီးထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အမှူးပြုသော ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။

○ရှေ့ဖုံးမှ
တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့၏ သြဝါဒါစရိယ ဆရာတော်ကြီးများ၊ တိပိဋက ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များ၊ တိပိဋက ပုစ္ဆကဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များ၊ (၇၅) ကြိမ်မြောက် စိန်ရတု တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲတွင် အာဂုံသဘောရေးဖြေအောင်မြင်တော် မူကြသည့် သာသနာ့အာဇာနည်အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာ ကျော်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးကိုကို၊ ဦးမြင့်ကြိုင်နှင့် ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီး များ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ရန်ကုန် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက် ကြည်ညိုကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မူလအာဘိဓမ္မိက အောင်မြင်တော်မူသည့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ မိုးမိတ်ကုန်းမြေ မင်းကွန်းတိပိဋကနိကာယကျောင်းတိုက်မှ ဆရာတော် အရှင်ဝါသဝါလင်္ကာရအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။

ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် (၇၅) ကြိမ်မြောက် စိန်ရတု တိပိဋက ဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်မြတ်များအား ဘွဲ့တံဆိပ်တော်နှင့် အောင် လက်မှတ်များ ဆက်ကပ်ကြရာ မူလအာဘိဓမ္မိက အောင်မြင်တော်မူကြသည့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ မိုးမိတ်ကုန်းမြေ မင်းကွန်းတိပိဋက နိကာယကျောင်းတိုက်မှ ဆရာတော် အရှင်ဇောတိကာ လင်္ကာရနှင့် အရှင်ဝါသဝါလင်္ကာရတို့အား နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်တို့ကို ဆက်ကပ် လှူဒါန်းသည်။

ဆက်လက်၍ မူလအာဘိဓမ္မိက အောင်မြင်တော် မူကြသည့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် တိပိဋကမဟာဂန္ဓဝင် နိကာယ် ကျောင်းတိုက်မှ အရှင်ဝိသုဒ္ဓ၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ မိုးမိတ်ကုန်းမြေ မင်းကွန်းတိပိဋက



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာ ကျော်ထွန်း မူလအာဘိဓမ္မိက အောင်မြင်တော်မူသည့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ မိုးမိတ်ကုန်းမြေ မင်းကွန်းတိပိဋကနိကာယကျောင်းတိုက်မှ အရှင်ဣန္ဒကာလင်္ကာရအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ဘွဲ့တံဆိပ်တော်ရ ဆရာတော်အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။

**ငါးပါးသီလခံယူဆောက်တည်**

ရှေးဦးစွာ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ သြဝါဒါစရိယအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ မိုးကောင်းကျောင်းတိုက် ပဓာနနာယက အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ သုမင်္ဂလာစာရာဘိဝံသ မဟာထေရ်မြတ်ကြီးထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အမှူးပြုသော ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မြို့ မင်းကျောင်းပထမ ပြန်စာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသက သာရဏီယသြဝါဒ ကထာကို ဖတ်ကြားချီးမြှင့်တော်မူသည်။

**(နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်၏ သာရဏီယသြဝါဒကထာကို စာမျက်နှာ ၅ တွင် ဖော်ပြထားပါသည်။)**

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှု

နိကာယကျောင်းတိုက်မှ အရှင်ဣန္ဒကာလင်္ကာရနှင့် ဒီဃနိကာယကောဝိဒ အောင်မြင်တော်မူကြသည့် မိုးမိတ်ကုန်းမြေ မင်းကွန်းတိပိဋကနိကာယကျောင်း တိုက်မှအရှင်ဂန္ဓမာတို့အား နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါက်တာကျော်ထွန်းက ဘွဲ့တံဆိပ် တော်နှင့် အောင်လက်မှတ်တို့ကို ဆက်ကပ်လှူဒါန်း သည်။

**စာမျက်နှာ ၄ သို့ ○**

❍ စာမျက်နှာ ၃ မှ

ထို့နောက် ဒီဃနိကာယကောဝိဒ ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည် အရှင်မြတ်နှစ်ပါး၊ ဒီဃဘာဏက ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည် အရှင်မြတ် ရှစ်ပါး၊ ဝိနယကောဝိဒ ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည်အရှင်မြတ် ရှစ်ပါး၊ ဝိနယဓရ ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည်အရှင်မြတ် ၃၇ ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒ ဘွဲ့တံဆိပ်တော်ရ သာသနာ့ အာဇာနည်အရှင်မြတ် ခုနစ်ပါး၊ ဥဘတောဝိဘင်္ဂဓရ ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည် အရှင်မြတ် ၈၅ ပါးတို့အား ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးကိုကို၊ ဦးမြင့်ကြိုင်နှင့် ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များ အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

**ဆက်ကပ်လှူဒါန်း**

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယကချုပ် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကေသရာဘိဝံသ ထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဧည့်ပရိသတ်များက အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်းအမျှပေးဝေကြကာ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာကျော်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးကိုကို၊ ဦးမြင့်ကြိုင်နှင့် ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ၎င်းတို့၏ဇနီးများနှင့် အလှူရှင်များက တိပိဋကဓရတိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်သူမြတ်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူကြသည်။

(၇၅)ကြိမ်မြောက် စိန်ရတု တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် သုတ္တန္တပိဋက ဒီဃနိကာယ်ရေးဖြေအောင် ဒီဃနိကာယကောဝိဒ ဘွဲ့ရသာသနာ့ အာဇာနည်အရှင်မြတ် သုံးပါး၊ ဝိနယပိဋက ဝိနည်းတစ်ပုံရေးဖြေအောင် ဝိနယကောဝိဒ ဘွဲ့ရ သာသနာ့ အာဇာနည်အရှင်မြတ် ရှစ်ပါး၊ ဝိနယပိဋက ဝိနည်း(ပထမပိုင်း) ရေးဖြေအောင် ဥဘတောဝိဘင်္ဂကောဝိဒဘွဲ့ရ သာသနာ့အာဇာနည်အရှင်မြတ် ခုနစ်ပါး၊ အဘိဓမ္မပိဋက အဘိဓမ္မာ(ပထမပိုင်း) ငါးကျမ်းအာဂုံအောင် မူလအာဘိဓမ္မိကဘွဲ့ရ သာသနာ့အာဇာနည် အရှင်မြတ် လေးပါး၊ သုတ္တန္တပိဋက ဒီဃနိကာယ်အာဂုံအောင် ဒီဃဘာဏကဘွဲ့ရ သာသနာ့ အာဇာနည် အရှင်မြတ် ရှစ်ပါး၊ ဝိနယပိဋက ဝိနည်း(ဒုတိယပိုင်း) အာဂုံအောင် ဝိနယဓရဘွဲ့ရ သာသနာ့အာဇာနည် အရှင်မြတ် ၃၇ ပါး၊ ဝိနယပိဋကဝိနည်း(ပထမပိုင်း) အာဂုံအောင် ဥဘတော ဝိဘင်္ဂဓရဘွဲ့ရ သာသနာ့ အာဇာနည်အရှင်မြတ် ၈၅ ပါး စုစုပေါင်း ၁၅၂ ပါး အောင်မြင်တော်မူခဲ့ကြောင်း သိရသည်။

ယခု ကျင်းပပြီးစီးခဲ့သည့် (၇၅)ကြိမ်မြောက် စိန်ရတု တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲအထိ ၇၅ နှစ်တာကာလအတွင်း တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည်အရှင်သူမြတ် ၁၅ ပါး၊ တိပိဋကဓရ ပိဋကတ်သုံးပုံ အာဂုံဆောင် သာသနာ့အာဇာနည် အရှင်သူမြတ် ခုနစ်ပါး ပေါ်ထွန်းခဲ့ပြီး သာသနာ့အကျိုးကို ဆက်လက်သယ်ပိုး ဆောင်ရွက်တော်မူလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ် အမှူးပြုသော ဧည့်ပရိသတ်များက တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်သူမြတ်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူကြစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးကိုကို သာသနာရေးဆိုင်ရာများကို လျှောက်ထားစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ ဘွဲ့တံဆိပ်တော်ရဆရာတော်အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း ဘွဲ့တံဆိပ်တော်ရဆရာတော်အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။


# (၇၅)ကြိမ်မြောက် စိန်ရတု တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲအခမ်းအနား၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တစန္ဒိမာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) မိန့်ကြားတော်မူသော သာရဏီယသြဝါဒကထာ

## (၁၃၈၅ ခုနှစ်၊ နယုန်လဆန်း( ၅ )ရက်၊ (၂၀၂၃ ခုနှစ်၊ မေလ ၂၃ ရက်၊ အင်္ဂါနေ့)

(၇၅)ကြိမ်မြောက် စိန်ရတု တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် မူလအာဘိဓမ္မိက၊ ဒီဃဘာဏက၊ ဝိနယဓရ၊ ဥဘတောဝိဘင်္ဂဓရ၊ ဒီဃနိကာယကောဝိဒ၊ ဝိနယကောဝိဒ၊ ဥဘတောဝိဘင်္ဂကောဝိဒ စသည် ခန်းခန်းအောင်ပွင့်ပန်းကို လန်းလန်းရွှင်ရွှင် ပန်ဆင်ကြသည့် သာသနာ့အာဇာနည် အရှင်မြတ်များနှင့်တကွ သာသနာ့ဒါယကာ၊ ဒါယိကာမများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ အမှူးပြုသည့် ဥပါသကာ ဥပါသိကာမအပေါင်း သူတော်ကောင်းတို့အား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကိုယ်စား အမှတ်ရဖွယ်အောက်မေ့ဖွယ်ရာဖြစ်သော သာရဏီယသြဝါဒစကား မြွက်ကြားလိုပါသည် ဘုရား။

အရှင်မြတ်တို့အတွက် အားတက်ဖွယ်ရာ စစ္စာအဦး အထူးလျှောက်ထားလိုသည်မှာ လူနတ်ဗြဟ္မာသတ္တဝါတို့၏ ဆရာသခင် မြတ်စွာဘုရားရှင်သည် သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်ရှိတော်မူကာ သတ္တသတ္တာဟစံတော်ပြီးနောက် ဥရုဝေလတောအဇပါလ ညောင်ပင်ရင်း၌ သီတင်းသုံးစံနေတော်မူစဉ် စရိုက်ညံ့ဖျင်း မာရ်နတ်မင်းသည် **“ပရိနိဗ္ဗာတု ဒါနိ ဘန္တေ ဘဂဝါ”**အစဖြာလျက် လောကထိပ်တင် မြတ်စွာဘုရားရှင်ကို ပရိနိဗ္ဗာန်စံတော်မူရန် လျှောက်ထားခဲ့ရာ မြတ်စွာဘုရားရှင်က–

**“နတာဝါဟံ ပါပိမ ပရိနိဗ္ဗာယိဿာမိ၊ ယာဝ မေ ဘိက္ခူ န သာဝကာ ဘဝိဿန္တိ ဝိယတ္တာ ဝိနီတာ”** အစဖြာလျက် ယုတ်မာစွာလတ် ဟယ်မာရ်နတ်၊ ငါဘုရား၏ တပည့်ဖြစ်ကြသော ရဟန်းတို့သည် အထူးထူးသော အရာတို့၌ လိမ္မာမှုမရှိကြသေးသမျှ ဆုံးမအပ်ပြီးသည် မဖြစ်ကြသေးသမျှ၊ ရဲဝံ့ခြင်းမရှိသေးသမျှ၊ ပိဋကတ်သုံးပုံဟူသော ဘုရားဟောစကားတော်ကို များစွာမသင်ကြား မနာကြားအပ်သေးသမျှ၊ ပိဋကတ်သုံးပုံဟူသော တရားတော်ကို မဆောင်နိုင်သေးသမျှ၊ လောကုတ္တရာတရားကိုးပါး အားလျော်သော အကျင့်ကို မကျင့်နိုင်ကြသေးသမျှ၊ ဝိပဿနာဝိသုဒ္ဓိအကျင့် အားလျော်သော တရားများကို မကျင့်နိုင်သေးသမျှ၊ မိမိဆရာ(မြတ်စွာဘုရား)၏ ဝါဒကို သင်ကြား၍ မဟောပြ မပို့ချ မသင်ပြနိုင်သေးသမျှ၊ မဝေဖန်နိုင် ပေါ်လွင်ထင်ရှားအောင် မပြုလုပ်နိုင်သေးသမျှ၊ ဖြစ်ပေါ်လာသည့် သူတစ်ပါးတို့ အယူဝါဒကို အကြောင်းနှင့်တကွသော စကားဖြင့် နှိမ်နင်းသည် မည်လောက်အောင် နှိမ်နင်း၍မဟောပြနိုင်သေးသမျှ ငါဘုရားပရိနိဗ္ဗာန်မစံသေး”ဟု သုတ္တန္တပိဋက၊ မဟာဝဂ္ဂပါဠိ၊ မဟာပရိနိဗ္ဗာန သုတ်တော် စာမျက်နှာ (၈၇)တွင် လာရှိပါသည် ဘုရား။



ယင်းဒေသနာတော်အရ မြတ်စွာဘုရားရှင်သည် သာသနာတော်တွင် ပိဋကတ်ကျမ်းဂန်များကို သင်အံကျက်ဆောင်၍ ပရိသတ်ဘောင်အတွင်း ကြောက်ရွံ့ခြင်းကင်းကာ ရဲဝံ့စွာဖြင့် သင်ကြားပို့ချ ဟောပြနိုင်ပြီး သာသနာတော်အတွင်း ချဉ်းနင်းဝင်ရောက် ပေါ်ပေါက်ဖြစ်ရှိလာသည့် သူတစ်ပါး၏ မိစ္ဆာဝါဒများကိုလည်း သုတ်သင်ပယ်ရှင်း နှိမ်နင်းနိုင်သည့် အရည်အချင်းပြည့်ရဟန်းတော်များ ထင်ရှားဖြစ်ပေါ်လာစေလိုသော ဆန္ဒတော်မြတ် ရှိတော်မူသည်ကို ကြည်ညိုသိရှိနိုင်ပါသည် ဘုရား။

ဤသို့ အရည်အချင်းပြည့်ရဟန်းတော်များ ထင်ရှားဖြစ်ပေါ်လာမှသာ သာသနာတော်မြတ်ကြီး အရှည်ခံ့၍ တည်တံ့မည်ဖြစ်ပါသည် ဘုရား။ (၇၅)ကြိမ်မြောက် စိန်ရတု တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲကြီးတွင် အောင်မြင်တော်မူကြသည့် အရှင်မြတ်တို့အနေဖြင့် ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်း၊ ဓမ္မာစရိယစာချတန်း စသည်တို့တွင် ဗုဒ္ဓမြတ်စွာဟောမိန့်မှာသည့် ပိဋကတ်ကျမ်းစာများကို အခြေခံအနေဖြင့် သုတ်၊ ဝိနည်း၊ အဘိဓမ္မာတို့မှ ခွဲခြားသတ်မှတ်ပြဋ္ဌာန်းထားသည့်အတိုင်း လေ့လာခဲ့ရသည့်အပြင် (၇၅)ကြိမ်မြောက် စိန်ရတု တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲကြီးတွင် ပိဋကတ်ပုံဝက်ကိုသော်လည်းကောင်း၊ ပိဋကတ်တစ်ပုံကိုသော်လည်းကောင်း၊ ပိဋကတ်နှစ်ပုံကိုသော်လည်းကောင်း အာဂုံအရ ကျက်မှတ်ပြန်ဆို အောင်မြင်တော်မူခြင်းသည် ဗုဒ္ဓမြတ်စွာ လိုလားတော်မူသည့် အရည်အချင်းရှိ ပုဂ္ဂိုလ်များတွင် ပါဝင်လျက်ရှိခြင်းကြောင့် အရှင်မြတ်တို့၏ အောင်မြင်မှုကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အနေဖြင့် ဝမ်းမြောက်နှမော်သာခုခေါ်လျက်ရှိပါသည် ဘုရား။

အရှင်မြတ်တို့အနေဖြင့်လည်း “ငါတို့သည် မြတ်စွာဘုရားရှင်လိုလားအပ်သည့် ဗဟုသုတဓမ္မဓရပုဂ္ဂိုလ်အမျိုးအစားတွင် ပါဝင်လျက်ရှိကြပြီ”ဟု နှလုံးသွင်းကာ ဝမ်းမြောက်ကြရမည်ဖြစ်ပါသည် ဘုရား။

ဗုဒ္ဓမြတ်စွာသာသနာတော်တွင် ဗဟုသုတ ဓမ္မဓရပုဂ္ဂိုလ် သက်သက်မျှသာ ဖြစ်စေလိုသည် မဟုတ်ဘဲ ဓမ္မာနုဓမ္မပဋိပန္နပုဂ္ဂိုလ် စစ်စစ်အဖြစ် ရောက်အောင် ကျင့်ဆောင်ကျိုးကုတ် အားထုတ်ကြစေလိုသော ဆန္ဒတော်ရှိသည်ကိုလည်း မာရ်နတ်အား မိန့်ကြားတော်မူသော စကားအရပင် သိရှိနိုင်ပါသည် ဘုရား။

ထို့ကြောင့် အရှင်မြတ်တို့သည် မြတ်စွာဘုရားရှင်လိုလားအပ်သော ပုဂ္ဂိုလ်အမျိုးအစားတွင် ဓမ္မဓရအရည်အချင်းလောက်ဖြင့် ပါဝင်ရသော ပုဂ္ဂိုလ်အဖြစ်သာ မရပ်တည်ကြဘဲ သင်ကြားအပ်ပြီးသော ပရိယတ်ထဲတွင် ပါရှိသည့် သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးတို့ကို အရှင်မြတ်တို့ ခန္ဓာကိုယ်တွင် ပဋိပတ်အဖြစ်ဖြင့် ရောက်ရှိလာအောင် လုံ့လကြိုးကုတ် အားထုတ်တော်မူကြခြင်းဖြင့် မြတ်စွာဘုရားရှင်လိုလားအပ်သော ဓမ္မာနုဓမ္မပဋိပန္နပုဂ္ဂိုလ်အဖြစ် ပါဝင်ကြစေလိုပါသည် ဘုရား။

ဓမ္မာနုဓမ္မပဋိပန္နပုဂ္ဂိုလ်အဖြစ် ရပ်တည်မှသာ အရှင်မြတ်တို့၏ ပရိယတ်သည်လည်း မွန်မြတ်လှသော နိဿရဏတ္ထပရိယတ္တိဖြစ်ရှိကြကာ သာသနာတော်သို့ ဝင်ရောက်ကြသော အမျိုးကောင်းသားရဟန်းတော်မြတ်တို့၏ ရည်ရွယ်ချက်ဖြစ်သော မဂ်ဖိုလ်နိဗ္ဗာန်ဟူသော အမြတ်ဆုံးအကျိုးကို ရရှိသုံးဆောင်ခံစားကြရမည် ဖြစ်ပါသည် ဘုရား။

သာသနာ့ဒါယကာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအမှူးပြုသော ဥပါသကာ ဥပါသိကာမအပေါင်း သူတော်ကောင်းတို့ကလည်း ပရိယတ္တိဘက်မှာရော ပဋိပတ္တိဘက်မှာပါ လေးဖြာပစ္စယပြည့်ဝစေရန် ပြည့်လျှံသော စေတနာ သဒ္ဓါတရားတို့ဖြင့် လေးစားကော်ရော် ပူဇော်လှူဒါန်းလျက် အထက်တန်းကျသော သာသနာပြုကုသိုလ်မှုများကို ပွားများအားထုတ် ပြုလုပ်နေကြသည်ကို အရှင်မြတ်တို့လည်း တွေ့မြင်နိုင်ပါသည် ဘုရား။

၄၅–ဝါကာလပတ်လုံး မြတ်စွာဘုရားရှင် ဟောကြားတော်မူသော ပရိယတ္တိ တရားတော်များသည် **လူ နတ် နိဗ္ဗာန်** သုံးတန်သောချမ်းသာကို ပေးစွမ်းနိုင်သဖြင့် ထိုတရားတော်များ မဆိတ်သုဉ်း မကွယ်ပျောက်ရလေအောင် ဆရာတော် သံဃာတော် အရှင်မြတ်များအနေဖြင့် ဆက်လက်၍ သင်ကြားပို့ချ ဟောပြပေးတော်မူကြပါဟု တိုက်တွန်းရင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ကိုယ်စား တပည့်တော်၏ သာရဏီယသြဝါဒကထာကို နိဂုံးကမွတ် အဆုံးသတ်အပ်ပါသတည်း။

ဘဒ္ဒန္တစန္ဒိမာဘိဝံသ
အကျိုးတော်ဆောင်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

---

# မြန်မာနိုင်ငံဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ စစ်တွေမြို့ မုန်တိုင်းဘေးသင့်ပြည်သူများသို့ လှူဒါန်း

**ရန်ကုန် မေ ၂၃**

ရခိုင်ပြည်နယ် စစ်တွေမြို့မှ မုန်တိုင်းဘေးသင့် ပြည်သူများအတွက် မြန်မာနိုင်ငံဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)မှ ဆက်နွယ်သော လုပ်ငန်းရှင် မိသားစုများနှင့်အတူ ပူးပေါင်း၍ ဆန်၊ ဆီ၊ ဆား၊ တာပေါ်လင် (မိုးကာစ) များကို လှူဒါန်းခဲ့ကြသည်။

ထိုသို့ လှူဒါန်းမည့် ပစ္စည်းများတင်ဆောင်ရာ လှိုင်သာယာမြို့နယ် စက်မှုဇုန်(၅) ရွှေရင်အေးကျောင်းလမ်းသို့ မေ ၂၂ ရက် ညနေ ၆ နာရီက ဗဟိုဥက္ကဋ္ဌ ဦးဝဏ္ဏ၊ အတွင်းရေးမှူး ဦးအောင်မျိုးသန့်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

လှူဒါန်းမှုမှာ ဆယ်ဘီးကား ၁၆ စီးဖြင့် ဆန်အိတ် ၃၁၉၃ အိတ်၊ ဆား ပိဿာ ၁၅ဝ၊ ဆီ ပိဿာ ၆၅ဝဝ၊ တာပေါ်လင်စ (မိုးကာစ) အလိပ် ၅ဝဝ တို့ဖြစ်သည်။ **တင်ဝင်းတင်**



---

# နယ်စပ်ရေးရာဝန်ကြီးဌာနက ဆွမ်းဆန်တော်၊ ဆီ ၊ ဆား၊ ကုလားပဲများ လှူဒါန်း

**ရေး မေ ၂၃**

နယ်စပ်ရေးရာ ဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မွန်ပြည်နယ်အတွင်း ဘုန်းတော်ကြီးကျောင်းများရှိ သံဃာတော်များ ဆွမ်းကွမ်းအဆင်ပြေစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။



**လှူဒါန်း**

ထိုသို့ လှူဒါန်းရာတွင် ရေးမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသောင်းစိန်နှင့် ဝန်ထမ်းများက ယနေ့နံနက်ပိုင်းတွင် ရေးမြို့ အောင်သုခရပ်ကွက်ရှိ ထန်းခြောက်ပင် ကျောင်းတိုက်ဆရာတော်ထံသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ကုလားပဲများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **ကြေးမုံ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရဲမွန်တပ်မြို့ရှိ တပ်မတော်ကိုယ်ခံပညာနှင့် အားကစားသိပ္ပံသို့ သွားရောက်ကြည့်ရှုစစ်ဆေး၊ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀) ၌ ဆေးရုံတက်ရောက်ဆေးကုသမှု ခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရဲမွန်တပ်မြို့ရှိ တပ်မတော်ကိုယ်ခံပညာနှင့် အားကစားသိပ္ပံ အားကစားရုံအတွင်း သင်တန်းသားများ၏ လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် မေ ၂၃

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရဲမွန်တပ်မြို့ရှိ တပ်မတော် ကိုယ်ခံပညာနှင့် အားကစားသိပ္ပံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး မင်္ဂလာဒုံမြို့နယ် တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀) ၌ဆေးရုံတက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ကြည့်ရှုအားပေးစကားပြောကြားသည်။

## ကြည့်ရှုစစ်ဆေး

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် အဖွဲ့ဝင်များသည် ရဲမွန်တပ်မြို့ရှိ တပ်မတော်ကိုယ်ခံပညာနှင့် အားကစားသိပ္ပံသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ်ကြီးက ကျောင်းဌာနချုပ်ရုံး အစည်းအဝေးခန်းမတွင် တပ်တည်ဆောက်ရေး လုပ်ငန်းကြီး(၄)ရပ် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု ဆိုင်ရာများနှင့် လေ့ကျင့်ရေးနှစ်အလိုက် သင်တန်းများ ဖွင့်လှစ်သင်ကြားပို့ချနေမှုဆိုင်ရာများအား ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) က လမ်းညွှန်အမှာစကား ပြောကြားရာတွင် ကျောင်းရည်မှန်းချက်တာဝန်ဖြစ်သော တပ်မတော် (ကြည်း၊ ရေ၊ လေ)မှ စစ်သည်များကို အားကစားနှင့် ကိုယ်ခံပညာ အခြေခံသင်တန်းများ၊ အဆင့်မြင့်သင်တန်းများ ဖွင့်လှစ်သင်ကြား လေ့ကျင့်ပေးခြင်းဖြင့် တပ်မတော် လက်ရွေးစင်အားကစားသမားများ ပေါ်ထွက်လာစေပြီး ထူးချွန်အားကစားသမားစစ်သည်များကို မြန်မာ့လက်ရွေးစင်အဖြစ် မွေးထုတ်၍ နိုင်ငံတော်၏ အားကစားအဆင့်အတန်းမြင့်မားရေးကို အထောက်အကူပြုနိုင်ရမည်ဟူသည့် အချက်ကို အလေးထားအကောင်အထည်ဖော်ရန်လိုကြောင်း၊ ကျောင်းစတင်ဖွင့်လှစ်သည့် ၁၉၉၇-၁၉၉၈ မှ ၂၀၂၂-၂၀၂၃ အထိ ကိုယ်ခံပညာနှင့် အားကစားသင်တန်း ၃၇ မျိုး ဖွင့်လှစ်ခဲ့ရာ ထူးချွန်အားကစားသမားအဖြစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) လက်ရွေးစင်အပါအဝင် မြန်မာ့လက်ရွေးစင် ၄၁၂ ဦးတို့ကို မွေးထုတ်နိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ကျောင်းအုပ်ကြီးအနေဖြင့်လည်း မိမိတာဝန်ထမ်းဆောင်ချိန်ကာလအတွင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) လက်ရွေးစင်မှ တစ်ဆင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် မြန်မာ့လက်ရွေးစင် အားကစားသမားများ မွေးထုတ်ပေးနိုင်ရန် ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်နေရန်နှင့် မိမိကာလ ကြိုးပမ်းဆောင်ရွက်မှုကို မှတ်တမ်းထားရန်လိုကြောင်း၊ လက်ရွေးစင်များ မွေးထုတ်ရာတွင် နိုင်ငံတကာ Olympic အားကစားနည်းများကို သတ်မှတ်စည်းမျဉ်းများ နှင့် နည်းစနစ်ကျနစွာ တတ်မြောက်ကျွမ်းကျင်နေရန် အခြေခံကအစ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရဲမွန်တပ်မြို့ရှိ တပ်မတော်ကိုယ်ခံပညာနှင့်အားကစားသိပ္ပံ အားကစားရုံအတွင်း အားကစားပစ္စည်းဆိုင်ရာ သင်ထောက်ကူပစ္စည်းများကို ကြည့်ရှုစဉ်။

အဆင့်မြင့် နည်းပညာအထိ လေ့ကျင့်နေရန် လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်၍ နွေစပါး၊ မိုးစပါးများကို နိုင်ငံတော်မှ သတ်မှတ်ထားသည့် ပန်းတိုင်အထွက်နှုန်းရရှိအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်း ဟူ၍ ရှိပြီး အားလုံးပြည့်စုံကောင်းမွန်နေရန်လိုကြောင်း၊ မျိုးကောင်းမျိုးသန့်များရရှိရန် လိုအပ်သကဲ့သို့ မြေဆီမြေဩဇာ ကောင်းမွန်အောင် ဆောင်ရွက်ရန်လည်း လိုကြောင်း၊ အလားတူ စိုက်ပျိုးရေးအတွက် အဓိကလိုအပ်သည့် ရေသွင်း၊ ရေထုတ်မှန်ကန်မှုလည်း လိုကြောင်းနှင့် စိုက်ပျိုးနည်းစနစ်များလည်း မှန်ကန်ရန်လိုအပ်ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်နိုင်မှသာလျှင် တစ်ကျေးချင်း အထွက်နှုန်းများ တိုးတက်လာမည်ဖြစ်ကြောင်း၊ အလားတူ မွေးမြူရေး လုပ်ငန်းများတွင်လည်း မျိုးကောင်းမွန်ရန် လိုအပ်သကဲ့သို့ မွေးမြူရေးစနစ်များနှင့် တိရစ္ဆာန်အစားအစာများ၊ ကာကွယ်ဆေးများကို လုံလောက်စွာ ကျွေးမွေးဖြည့်ဆည်းနိုင်ရန် လိုကြောင်း၊ ကျောင်း၏ရည်မှန်းချက်ကို အပြည့်အဝ အကောင်အထည်ဖော်နိုင်ရန်အတွက် သန္ဓေနှင့် သင်တန်းသားစစ်သည်များ အားလုံးလုံလောက်သောအာဟာရပြည့်ဝစွာ ကျွေးမွေးနိုင်မှုသည် အဓိကကျသဖြင့် တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် မွေးမြူရေးများကိုလည်း နိုင်ငံတော်၏ မူဝါဒနှင့်အညီ အောင်မြင်အောင် အကောင်အထည်ဖော်ရန် လိုကြောင်း မှာကြားသည်။

## ကြည့်ရှုအားပေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် အဖွဲ့ဝင်များသည် အားကစားရုံအတွင်း သင်တန်းသားများ၏ တိုက်ကွမ်ဒို၊ လက်ဝှေ့နှင့် ဘော်လီဘော လေ့ကျင့်နေမှုများ၊ ဘောလုံးကွင်းအတွင်း သင်တန်းသားများ လေ့ကျင့်သင်ကြားနေမှုများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ ခင်းကျင်းပြသထားသည့် အားကစားပစ္စည်းဆိုင်ရာ သင်ထောက်ကူ ပစ္စည်းများကို ကြည့်ရှုပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် အဖွဲ့ဝင်များသည် တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀) သို့ ရောက်ရှိရာ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် အဖွဲ့ဝင်များသည် ဆေးရုံတွင် တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား လိုက်လံကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု အခြေအနေများအား လိုက်လံမေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)သည် ဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀) တွင် တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသူတစ်ဦးအား စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်အဖွဲ့ စစ်တွေမြို့နယ်အတွင်း မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေး

**စစ်တွေ မေ ၂၃**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီး ချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းတို့နှင့်အတူ ယနေ့ နံနက်ပိုင်းတွင် စစ်တွေတက္ကသိုလ်သို့ ရောက်ရှိကြပြီး မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့် အပျက်အစီးများ ရှင်းလင်းပြီးစီးမှုနှင့် စာသင်ဆောင်များ အမိုးမိုးခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးရာ စစ်တွေတက္ကသိုလ် ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်အဖွဲ့ဝင်များ မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒါးပိုင်တံတားနေရာ၌ တစ်လွှာတစ်ထပ် ဘေလီတံတားတည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**ဦးစားပေးပြုပြင်**

ကြည့်ရှုစစ်ဆေးစဉ် ဗိုလ်ချုပ်ကြီး တင်အောင်စန်းက စာသင်ကျောင်းများ မဖွင့်လှစ်မီ ဦးစားပေး ပြုပြင်ရန်လိုအပ်သည့် စာသင်ဆောင်များကို အချိန်မီပြီးစီးအောင် ပြင်ဆင် ဆောင်ရွက်သွားရန်နှင့် ကျောင်းဖွင့်ချိန်တွင် သင်ကြားသင်ယူမှုလုပ်ငန်းများ ပုံမှန် ဆောင်ရွက်နိုင်ရေး ကြိုတင်စီမံ ဆောင်ရွက်သွားရန် မှာကြားပြီး လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်း ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်အဖွဲ့ဝင်များ စစ်တွေမြို့ဖောင်တော်ကြီးဆိပ်ခံတံတားမှ ထွက်ခွာသည့် တည်ဆောက်ရေးပစ္စည်းများနှင့် စားသောက်ကုန်များတင်ဆောင်ထားသော ရေယာဉ်အား ကြည့်ရှုစဉ်။

ထို့နောက် မုန်တိုင်းတိုက်ခတ်ချိန်တွင် ဒီရေမြင့်တက်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သော စစ်တွေ-ပလ္လင်ပြင်လမ်းပေါ်ရှိ သဲချောင်းတံတားနေရာ၌ ဒေသခံပြည်သူများ ယာယီသွားလာရေး လွယ်ကူစေရန် အစားထိုးဆောင်ရွက်ထားသည့် နှစ်လွှာတစ်ထပ် ဘေလီတံတား တည်ဆောက်ပြီးစီးမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ယာယီဘေလီတံတားတည်ဆောက်ပြီးစီးမှုနှင့် တံတားအသစ်ထပ်မံတည်ဆောက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မုန်တိုင်းတိုက်ခတ်ချိန်တွင် ထိခိုက်ပျက်စီးခဲ့သော ဒါးပိုင်တံတားနေရာ၌ ဒေသခံပြည်သူများ ယာယီသွားလာရေး လွယ်ကူစေရန် အစားထိုး ဆောင်ရွက်ထားသည့် တစ်လွှာတစ်ထပ် ဘေလီတံတား တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

**ဖြတ်သန်းသွားလာနိုင်**

အဆိုပါ တံတားများသည် မေ ၁၄ ရက်က တိုက်ခတ်ခဲ့သည့် မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့်တံတားများဖြစ်ပြီး ဒေသခံပြည်သူလူထု၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးကိစ္စများ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ရေး အသုံးပြုသွားလာနိုင်ရန် ယာယီဘေလီတံတား တည်ဆောက်ရေးလုပ်ငန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနက မေ ၁၆ ရက်မှစ၍ တည်ဆောက်ရေးပစ္စည်းများ စုဆောင်းခြင်းကို ဆောင်ရွက်ခဲ့ပြီး မေ ၁၈ ရက်မှစ၍ သဲချောင်းတံတားကို ပေ ၁၄၀ အရှည်၊ ယာဉ်/ကုန် ခံနိုင်ဝန် ၁၆ တန်၊ နှစ်လွှာတစ်ထပ်ဘေလီတံတားအဖြစ် လည်းကောင်း၊ ဒါးပိုင်တံတားကို ပေ ၆၀ အရှည်၊ ယာဉ်/ကုန် ခံနိုင်ဝန် ၁၆ တန်၊ တစ်လွှာတစ်ထပ် ဘေလီတံတား အဖြစ်လည်းကောင်း တည်ဆောက်ခဲ့ရာ မေ ၂၂ ရက်တွင် တည်ဆောက်ပြီးစီးခဲ့သဖြင့် လူနှင့်ယာဉ်များ ပုံမှန်အခြေအနေအတိုင်း ဖြတ်သန်းသွားလာနိုင်ပြီဖြစ်သည်။

အဆိုပါတံတားများ တည်ရှိသည့် စစ်တွေ-ပလ္လင်ပြင်လမ်းသည် Class(A) အဆင့် ကျေးရွာချင်းဆက် လမ်းတစ်လမ်းဖြစ်ပြီး စစ်တွေတက္ကသိုလ်နှင့် ပတ်ဝန်းကျင် ကျေးရွာများသို့သွားသည့် အဓိက လမ်းတစ်လမ်းဖြစ်သည်။ ယင်းလမ်းပိုင်းတွင် IDP Camp များတည်ရှိပြီး ပလ္လင်ပြင်ကျေးရွာအထိ ကျေးရွာပေါင်းကိုးရွာကို ဖြတ်သန်းဖောက်လုပ်ထားသောလမ်းဖြစ်သည်။ အဆိုပါတံတားများ တည်ဆောက်ပြီးစီးခြင်းကြောင့် ကျေးရွာကိုးရွာရှိ ဒေသခံ ပြည်သူလူထုအနေဖြင့် စစ်တွေမြို့သို့ အချိန်မရွေး အလွယ်တကူ သွားလာနိုင်မည်ဖြစ်သည့်အပြင် ကုန်စည်စီးဆင်းမှုများ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

မွန်းလွဲပိုင်းတွင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် အဖွဲ့သည် တည်ဆောက်ရေးပစ္စည်းများနှင့် စားသောက်ကုန် ပစ္စည်းများ တင်ဆောင်ထားသည့် ကုလားတန် ၄၊ ၅၊ ၆ ရေယာဉ်သုံးစင်းဖြင့် စစ်တွေမြို့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဖောင်တော်ကြီးဆိပ်ခံတံတားမှ စတင်ထွက်ခွာမှုကို သွားရောက်ကြည့်ရှုသည်။

ကုလားတန် ၄ ရေယာဉ်သည် တည်ဆောက်ရေး ပစ္စည်းနှင့် စားသောက်ကုန်ပစ္စည်း စုစုပေါင်း ၁၉၈ ဒသမ ၇ တန် တင်ဆောင်ပြီး ကျောက်တော်နှင့် ပုဏ္ဏားကျွန်းမြို့တို့သို့လည်းကောင်း၊ ကုလားတန် ၅ ရေယာဉ်သည် တည်ဆောက်ရေးပစ္စည်းနှင့် စားသောက်ကုန်ပစ္စည်း စုစုပေါင်း ၁၉၅ ဒသမ ၆ တန် တင်ဆောင်ပြီး ရသေ့တောင်နှင့် မောင်တောမြို့တို့သို့လည်းကောင်း၊ ကုလားတန် ၆ ရေယာဉ်သည် တည်ဆောက်ရေးပစ္စည်းနှင့် စားသောက်ကုန်ပစ္စည်း စုစုပေါင်း ၂၄၈ ဒသမ ၉၃ တန်တင်ဆောင်၍ ပေါက်တော၊ မြောက်ဦး၊ မင်းပြားနှင့် မြေပုံမြို့တို့သို့လည်းကောင်း သွားရောက်၍ ဒေသခံပြည်သူများ လက်ဝယ်အရောက် ဖြန့်ဝေပေးသွားမည်ဖြစ်သည်။

**တက်ရောက်**

ညနေပိုင်းတွင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်တို့သည် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် သဘာဝဘေး ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် ကော်မတီအလိုက် တာဝန်ရှိသူများက စားရေရိက္ခာများ လက်ခံရရှိမှုနှင့် ထောက်ပံ့ပြီးစီးမှု၊ လျှပ်စစ်၊ လမ်းပန်း ဆက်သွယ်ရေး၊ သောက်သုံးရေ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကြပြီး လိုအပ်ချက်များကို အကြံပြု ဖြည့်စွက်ဆွေးနွေးကြသည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ထို့နောက် ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ပြန်လည်ထူထောင်ရေး လုပ်ငန်းများ မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်ပြီးစီးနိုင်ရေးအတွက် လူအင်အား၊ စက်ယန္တရားအင်အားနှင့် အခြားလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

မိုခါမုန်တိုင်း ဘေးအန္တရာယ်မကျရောက်မီ ရခိုင်ပြည်နယ်အတွင်းတွင် ဆက်သွယ်ရေးအော်ပရေတာလေးခု၏ မိုဘိုင်းစခန်း ၁၂၃၃ စခန်းရှိသည့်အနက် ဆိုင်ကလုန်းမုန်တိုင်း “မိုခါ” ကြောင့် မိုဘိုင်းစခန်း ၉၀၄ စခန်း ဆက်သွယ်မှု ပြတ်တောက်ခဲ့ရာ ဆက်သွယ်မှု ပြန်လည်ရရှိစေရေးအတွက် ချို့ယွင်းပြတ်တောက်ခဲ့သည့် မြေပေါ်/မြေအောက်ဖိုက်ဘာကေဘယ်လ်ဆက်ကြောင်းများ၊ မိုက္ကရိုဝေ့ဗ်ဆက်ကြောင်းများနှင့် မြို့တွင်း ကေဘယ်လ်ကွန်ရက်များ ပြန်လည်ပြုပြင်ခြင်း၊ ပျက်စီးသွားသော မိုဘိုင်းဆက်သွယ်ရေးစခန်းများ ပြန်လည်ပြုပြင်ခြင်း စသည့်လုပ်ငန်းများကို ဒေသခံနှင့် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လာရောက်သည့် ဆက်သွယ်ရေးဝန်ထမ်း စုစုပေါင်းအင်အား ၄၀၀ကျော်ဖြင့် ပြန်လည်ကောင်းမွန်အောင် ဆောင်ရွက်ခဲ့ရာ ယနေ့အထိ မိုဘိုင်းစခန်းစုစုပေါင်း ၆၄၇ စခန်း ပြန်လည်ပြုပြင်နိုင်ခဲ့သောကြောင့် မိုဘိုင်းစခန်းစုစုပေါင်း ၉၇၆ စခန်း ရာခိုင်နှုန်းအားဖြင့် ၇၉ ဒသမ ၁၆ ရာခိုင်နှုန်းဖြင့် ရခိုင်ပြည်နယ်အတွင်း ဆက်သွယ်ရေးဝန်ဆောင်မှုများ ပြန်လည်ပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



စစ်တွေမြို့ မေယုလမ်းနှင့် ပြည်ထောင်စုလမ်းထောင့်၌ တယ်လီဖုန်းတိုင်များ ပြန်လည်ပြုပြင်နေမှုကို တွေ့ရစဉ်။

# အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ (၁၁)ကြိမ်မြောက် လုံခြုံရေးကိစ္စရပ်များဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးသို့ တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာ



နေပြည်တော် မေ ၂၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး H.E.Mr. Nikolay Patrushev ၏ ဖိတ်ကြားချက်အရ ရုရှားနိုင်ငံ မော်စကိုမြို့၌ မေ ၂၃ ရက်မှ ၂၅ ရက်အထိ ကျင်းပမည့် (၁၁)ကြိမ်မြောက် လုံခြုံရေးကိစ္စရပ်များဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးသို့ တက်ရောက်ရန် ယမန်နေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့မှ ဝါရင့်အကြံပေးအဖွဲ့ဝင်များ၊ အမှုဆောင်အဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေး

နေပြည်တော် မေ ၂၃

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့မှ ဝါရင့်အကြံပေးအဖွဲ့ဝင်များ၊ အမှုဆောင်အဖွဲ့ဝင်များ၏ တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီခွဲက ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ချမှတ်ထားသော ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များနှင့်အညီ ဝန်ကြီးဌာန၏ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နိုင်ငံတကာဆက်ဆံရေးအခြေအနေများ၊ ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) သဘာဝဘေးဒဏ်နှင့်ပတ်သက်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ပြည်ပနိုင်ငံများ၊ ဒေသတွင်းအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားသို့ ပါဝင်တက်ရောက်လာကြသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ဘာသာရပ်ပိုင်းဆိုင်ရာ ကိစ္စများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ပညာရှင်များရှုထောင့်မှ အပြန်အလှန် အမြင်ချင်းဖလှယ်ဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့မှ ဝါရင့်အကြံပေးအဖွဲ့ဝင်များ၊ အမှုဆောင်အဖွဲ့ဝင်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ သတင်းစဉ်



# ပြည်ထောင်စုဝန်ကြီး ဦးကိုကို အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်မှုများ ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၂၃

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီတော်အနီးရှိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်သို့ ရောက်ရှိပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်သင်တန်းများ စတင်ဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ရှင်းလင်းဆောင်၌ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့အား တက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ) ဦးစိန်မော်က လာမည့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပြည်တွင်း ပြည်ပနိုင်ငံများမှ သင်တန်းသားများ တက်ရောက်ကြမည့် အခြေအနေ၊ တက္ကသိုလ် အိပ်ဆောင်များ၌ နေရာချထားပေးမည့် အခြေအနေနှင့် ကာကွယ်ရေး ဝန်ကြီးဌာနမှ လွှဲပြောင်းလှူဒါန်းသည့် မြေ ၂ ဒသမ ၇၆၂ ဧကပေါ်ရှိ သင်တန်းသား အိပ်ဆောင် နှစ်ဆောင် ပြန်လည်ပြုပြင်ပြီးစီးမှုနှင့် သင်တန်းသားများ ထားရှိနိုင်မည့် အခြေအနေများကို အသေးစိတ် ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြုပြင်ပြီးစီးသော အိပ်ဆောင်များ၌ သင်တန်းသားများထားရှိရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ သတင်းစဉ်

## ပြင်ဆင်ဖတ်ရှုပါရန်

၂၃-၅-၂၀၂၃ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၁၁) တွင် ပါရှိသည့် **"အလုပ်ရုံနှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန (အစား) အလုပ်သမားညွှန်ကြားရေးဦးစီးဌာန"** ဟု လည်းကောင်း၊ **"အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာန (အစား) အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန"** ဟု လည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန်။

**အလုပ်သမားဝန်ကြီးဌာန**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် မေ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ပေါ်လျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်သည်။

မိုး/ဇလ

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း အာရှမီဒီယာ ထိပ်သီးညီလာခံသို့ တက်ရောက်




**ဘာလီ မေ ၂၃**

(၁၈)ကြိမ်မြောက် အာရှမီဒီယာ ထိပ်သီးညီလာခံ (18th Asia Media Summit) ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက အင်ဒိုနီးရှားနိုင်ငံ ဒန်ပါဆာမြို့(ဘာလီ)ရှိ Grand Hyatt Hotel Ballroom ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ပြီး ပါဝင်ဆွေးနွေးသည်။

**နှုတ်ခွန်းဆက်စကားပြောကြား**

ဦးစွာ 18th Asia Media Summit ဖွင့်ပွဲအခမ်းအနား ကျင်းပရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဒုတိယသမ္မတ မာရွတ်အမင် (H.E. K.H Ma' Ruf Amin)၊ အာရှ-ပစိဖိတ် ရုပ်သံလွှင့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန (Asia-Pacific Institute for Broadcasting Development -AIBD) ညွှန်ကြားရေးမှူး Ms. Philomena Gnanapragasam၊ အင်ဒိုနီးရှားရုပ်မြင်သံကြားနှင့် အသံလွှင့်ဌာန (TVRI) President Director Mr. Iman Brotoseno၊ ကုလသမဂ္ဂ အာရှ-ပစိဖိတ် ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (UNESCAP) အမှုဆောင် အတွင်းရေးမှူးနှင့် ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူးချုပ် H.E. Armida Salsiah Alisjahbana၊ အာဆီယံ အတွင်းရေးမှူးချုပ် H.E. Dr. Kao Kim Hourn နှင့် AIBD ဒုတိယဥက္ကဋ္ဌ Razal Giovanni Aportadera Jr. တို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ထို့နောက် ထိပ်သီးညီလာခံ၏ ဝန်ကြီးအဆင့်ဆွေးနွေးပွဲကို ကိုဗစ်-၁၉အလွန် စီးပွားရေး ပြန်လည်ထူထောင်ရာ၌ မီဒီယာ၏အခန်းကဏ္ဍ (Role of Media in Economic Recovery) ခေါင်းစဉ်ဖြင့် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ကမ္ဘောဒီးယားနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး H.E. Dr. Kheiu Kanharith၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ပြန်ကြားရေးနှင့် ရုပ်သံလွှင့်ဝန်ကြီးဌာန ဝန်ကြီး H.E. Dr. Hasan Mahmud၊ ဆာမိုအာနိုင်ငံဆက်သွယ်ရေး၊ ပြန်ကြားရေးနှင့် နည်းပညာဝန်ကြီးဌာနဝန်ကြီး H.E. Toelupe Poumulinuku Onesemo နှင့် ဖီဂျီသမ္မတနိုင်ငံဝန်ကြီးချုပ်ရုံး ဒုတိယဝန်ကြီး H.E. Sakiusa Tubuna တို့က ဦးဆောင် ဆွေးနွေးသူများအဖြစ် တက်ရောက်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် Vaccination Management Information Systemကို ရေးဆွဲပြီး ပြည်သူများ၏ ကာကွယ်ဆေးထိုးမှတ်တမ်းပြုစု၍ စနစ်တကျဆောင်ရွက်ခဲ့ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းစီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ်ဖြင့် ရောဂါကိုထိန်းချုပ်ကာကွယ်ခြင်း၊ အသိပညာပေး လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်ခဲ့ရသောအသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ အမြန်ပြန်လည် လည်ပတ်နိုင်ရေးအတွက် သီးခြားရန်ပုံငွေ ထူထောင်၍ အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေများ စိစစ်ထုတ်ချေးပေးခဲ့ပြီး ယင်းသို့ ထောက်ပံ့မှုအခြေအနေများကို အချိန်နှင့်တစ်ပြေးညီ အများပြည်သူထံသို့ ပြန်ကြားထုတ်လွှင့်ပေးခဲ့ကြောင်း။

အထူးသဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေးထိခိုက်မှုများ ပြန်လည်ကုစားနိုင်ရေးအတွက် ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာကဏ္ဍမှ ထိခိုက်မှုအများဆုံးဖြစ်ခဲ့သည့် လုပ်ငန်းများအတွက် ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေများ အချိန်နှင့်တစ်ပြေးညီ ထုတ်ချေးခဲ့ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါကြောင့် ပြိုလဲခဲ့ရသည့် ပုဂ္ဂလိကမီဒီယာများ ပြန်လည်ဦးမော့လာစေရေးအတွက် လိုအပ်သည်များ ပူးပေါင်းဆောင်ရွက်နိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာနတွင် မီဒီယာဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန အသစ်ကို မကြာမီက ဖွဲ့စည်းခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတွင် ကိုဗစ်ရောဂါကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်ထားနိုင်ခဲ့ပြီး စီးပွားရေး ပြန်လည်နိုးထစေရေး ကနဦးအစီအစဉ်များကိုလည်း စတင်ဆောင်ရွက်နေပါကြောင်း။

**ဆွေးနွေးပြောကြား**

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထု စိတ်ဝင်စားမှုများသည့် ရုပ်ရှင်အကယ်ဒမီ ထူးချွန်ဆုချီးမြှင့်ပွဲကဲ့သို့ နိုင်ငံတော်အဆင့် အခမ်းအနားများကို အခက်အခဲများကြားမှ ကိုဗစ်-၁၉ မတိုင်မီကာလများကကဲ့သို့ စည်စည်ကားကား၊ အောင်အောင်မြင်မြင်၊ ပျော်ပျော်ရွှင်ရွှင်ဖြစ်အောင် တာဝန်ယူ စီစဉ်ကျင်းပနိုင်ခဲ့ပါကြောင်း၊ ပြီးခဲ့သည့် မေ ၁၄ ရက်တွင် အလွန့်အလွန်အားကောင်းသည့် ဆိုင်ကလုန်းမုန်တိုင်း (Severe Cyclonic Storm) "မိုခါ" (MOCHA)သည် မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းဒေသ၊ စစ်တွေမြို့အနီးမှ အမြင့်ဆုံးလေတိုက်နှုန်း တစ်နာရီလျှင် ၁၃၅ မိုင်နှုန်းဖြင့် ဖြတ်ကျော်ဝင်ရောက်တိုက်ခတ်ခဲ့ပါကြောင်း၊ အဆိုပါမုန်တိုင်း ဝင်ရောက်နိုင်ခြေရှိမှုကို ကြိုတင်တွက်ချက် သိရှိနိုင်ခဲ့ခြင်း၊ ထိခိုက်မှုအနည်းဆုံးဖြင့် မုန်တိုင်းအန္တရာယ်ကို အောင်မြင်စွာ ကျော်လွှားနိုင်ရန်အတွက် အစီအမံများဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ခဲ့ခြင်း၊ နိုင်ငံပိုင်နှင့် ပုဂ္ဂလိက မီဒီယာများ၏ ထိရောက်သည့် အသိပညာပေးမှုများကို အချိန်မီ ထုတ်ပြန်ဆောင်ရွက်နိုင်ခဲ့ခြင်းတို့ကြောင့် လူပေါင်းများစွာ၏ အသက်အန္တရာယ်များစွာကို ကယ်တင်နိုင်ခဲ့ပါကြောင်းနှင့် သတင်းမီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများတွင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို တက်တက်ကြွကြွဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အာရှ - ပစိဖိတ်ဒေသတွင်းနိုင်ငံများ ပြန်ကြားရေးကဏ္ဍဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးနှင့် အိမ်ရှင်အင်ဒိုနီးရှားနိုင်ငံ ပြန်ကြားရေးဌာနနှင့် AIBD တို့က ပူးပေါင်းတည်ခင်းသည့် အလုပ်သဘော နေ့လယ်စာ စားပွဲသို့ တက်ရောက်သည်။

နေ့လယ်စာစားပွဲတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၌ သတင်းတု/သတင်းမှားများ ထိုးနှက်မှုအန္တရာယ်ကို ဆွေးနွေးပြောကြားရာ AIBD မှ တာဝန်ရှိသူများနှင့် တက်ရောက်ကြသူများက နားလည်သဘောပေါက်ပြီး သတင်းမှားတိုက်ဖျက်ရေးနှင့် သတင်းမှန်ပြန်ကြားရေးတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးပြောကြားကြသည်။

မွန်းလွဲပိုင်းတွင် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ တက်ရောက်လာကြသည့် ပြန်ကြားရေးကဏ္ဍဆိုင်ရာ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အာရှ-ပစိဖိတ်ဒေသတွင်းနှင့် ဒေသပြင်ပ ရုပ်/သံလွှင့်ဌာနများမှ အကြီးအကဲများ၊ အစိုးရနှင့် ပုဂ္ဂလိက ရုပ်သံအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မီဒီယာကျွမ်းကျင်ပညာရှင်များ၊ မူဝါဒချမှတ်သူများနှင့် AIBD မှ တာဝန်ရှိသူများက ရုပ်သံလွှင့်ကဏ္ဍတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နည်းပညာရပ်များဖြင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(၁၈)ကြိမ်မြောက် အာရှမီဒီယာ ထိပ်သီးညီလာခံ အစည်းအဝေးကို အာရှ-ပစိဖိတ် ရုပ်သံလွှင့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန (AIBD) နှင့် အင်ဒိုနီးရှား ရုပ်မြင်သံကြားဌာနတို့ ပူးပေါင်း၍ မေ ၂၃ ရက်မှ ၂၅ ရက်ထိ ကျင်းပပြုလုပ်ခြင်းဖြစ်ပြီး အစည်းအဝေးသို့ အာရှ-ပစိဖိတ် ဒေသတွင်းနှင့် ဒေသပြင်ပရှိ နိုင်ငံပေါင်း ၃၈ နိုင်ငံမှ သတင်းအချက်အလက်နှင့် မီဒီယာဆိုင်ရာ အကြီးအကဲများ၊ အဆင့်မြင့်အရာရှိကြီးများ၊ AIBD မှ တာဝန်ရှိသူများ၊ မီဒီယာကျွမ်းကျင်သူများ၊ မူဝါဒချမှတ်သူများနှင့် စိတ်ပါဝင်စားသူကိုယ်စားလှယ်ပေါင်း ၃၅၀ ခန့် တက်ရောက်ကြသည်။

ညပိုင်းတွင် 18th ASIA MEDIA SUMMIT 2023 ၏ AIBD မှ စီစဉ်သည့် ရုပ်သံအစီအစဉ် ပြိုင်ပွဲများ၌ အကောင်းဆုံး ရုပ်သံအစီအစဉ်ဆု (Best TV Programme Award)နှင့် အကောင်းဆုံးရေဒီယို အစီအစဉ်ဆု ( Best Radio Programme Award) ရရှိကြသူများ၊ ဒိုင်အဖွဲ့ဝင် အထူးဆု ( Special Jury Award on TV Programme)ရရှိကြသူများနှင့် ရေရှည်တည်တံ့မှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာ နည်းပညာဆု (Award for Sustainability & Green Technology Award) ရရှိကြသူများအား ဆုချီးမြှင့်ပွဲနှင့်အတူ ဂုဏ်ပြုညစာစားပွဲကို Grand Hyatt Hotel ရှိ ကမ်းခြေပန်းခြံတွင် ရိုးရာနှင့် ခေတ်ပေါ် အဆိုအကအတီးများဖြင့် ခမ်းနားစွာ စီစဉ်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးလည်း ပါဝင်တက်ရောက်၍ ဆုချီးမြှင့်ခဲ့သည်။

**ပူးပေါင်းဆောင်ရွက်**

အာရှ-ပစိဖိတ် ရုပ်သံလွှင့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန (AIBD) ကို UNESCO ၏ အစီအစဉ်ဖြင့် မလေးရှားနိုင်ငံ၌ ၁၉၇၇ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး လက်ရှိတွင် ဒေသတွင်းမှ တင်းပြည့်အဖွဲ့ဝင် ၂၆ ဖွဲ့ နှင့် အာရှ ပစိဖိတ်၊ ဥရောပ၊ အာဖရိက၊ အာရပ်နှင့် မြောက်အမေရိက စသည့် ဒေသများမှ မိတ်ဖက်အဖွဲ့အစည်းပေါင်း ၅၀ ကျော် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) သည် အာရှ-ပစိဖိတ် ရုပ်သံလွှင့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန (AIBD) သို့ တင်းပြည့်အဖွဲ့ဝင်အဖြစ် ၁၉၉၇ ခုနှစ်က ဝင်ရောက်၍ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အာရှသတင်းမီဒီယာ ထိပ်သီးအစည်းအဝေး(Asia Media Summit)ကို နှစ်စဉ်ကျင်းပလေ့ရှိရာ 14th Asia Media Summit အား ၂၀၁၇ ခုနှစ်က တရုတ်နိုင်ငံ ချင်းတောင်မြို့တွင်လည်းကောင်း၊ 15th Asia Media Summit အား ၂၀၁၈ခုနှစ်တွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌လည်းကောင်း၊ 16th Asia Media Summit အား ၂၀၁၉ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိမြို့၌လည်းကောင်း ကျင်းပခဲ့ရာမှ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ်များတွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကျင်းပနိုင်ခဲ့ခြင်း မရှိခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ်တွင် AIBD အခြေစိုက်သည့် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့မှ အွန်လိုင်းမှတစ်ဆင့် 17th Asia Media Summit ကို ကျင်းပခဲ့ပြီး ယခု ၂၀၂၃ ခုနှစ်တွင် အင်ဒိုနီးရှား ရုပ်မြင်သံကြားနှင့် အသံလွှင့်ဌာန(TVRI)က (၁၈) ကြိမ်မြောက် အာရှမီဒီယာထိပ်သီးညီလာခံ (18th Asia Media Summit) ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ(နေပြည်တော်)-တရုတ်(လင်ချန်း) စီးပွားရေးကုန်စည်ပြပွဲ နေပြည်တော်၌ ကျင်းပမည်

**နေပြည်တော် မေ ၂၃**

တရုတ်(လင်ချန်း) စီးပွားရေးကုန်စည်ပြပွဲကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ မေ ၂၅ ရက်မှ ၂၈ ရက်အထိ လေးရက်ကြာ ကျင်းပမည်ဖြစ်သည်။

ပြပွဲတွင် တရုတ်နိုင်ငံမှ ကော်ဖီနှင့် လက်ဖက်ခြောက်၊ မက္ကဒေးမီးယား၊ အသင့်စားစားသောက်ကုန်များ၊ ဆိုလာစွမ်းအင်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ မီးဖိုချောင်သုံးနှင့် အခြားလူ့အသုံးအဆောင်ပစ္စည်းများ အပါအဝင် မြန်မာနိုင်ငံမှ မြန်မာ့ကျောက်မျက်ရတနာပစ္စည်းများ၊ ဒေသထွက်ကုန်များနှင့် MSME ထုတ်ကုန်များ ပါဝင်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်

**နေပြည်တော် မေ ၂၃**

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မိုး/ဇလ**

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

**နေပြည်တော် မေ ၂၃**

၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် အမှတ်(၁)အခြေခံ ပညာအထက်တန်းကျောင်း အားကစားခန်းမ၌ ကျင်းပသည်။



အခမ်းအနားကို ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူများက “ကျောင်းအပ်နှံရေးသီတင်းပတ်” သီချင်း သီဆိုဖွင့်လှစ်သည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ပညာရေးသည် ရပ်တန့်၍ရသော အရာမဟုတ်သည့် လူတို့၏ အသိပညာ၊ အတတ်ပညာ၊ ကျွမ်းကျင်မှုနှင့် သဘောထား အယူအဆအမြင်တို့ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရသည့် ဖြစ်စဉ်ဖြစ်ပါကြောင်း၊ ကျောင်းနေအရွယ် ကလေးအားလုံး စာသင်ကျောင်းသို့ ရောက်ရှိရန် အရေးကြီးကြောင်း။

ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းသို့ ရောက်ရှိရေး၊ အသိပညာ၊ အတတ်ပညာများနှင့် ပြည့်စုံသော ပညာတတ်များ ပေါ်များရေး၊ အနည်းဆုံး အခမဲ့ အလယ်တန်းပညာ (KG+9) ပြီးမြောက်ရေး အလေးအနက်ထား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ သင်ကြားသင်ယူမှုအဆင့်မြှင့်တင်ရေး၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှု အားပေးရေးကို အခြေခံ၍ ကျောင်းနေအရွယ်ကလေးများ အားလုံး စဉ်ဆက်မပြတ် သာတူညီမျှ ပညာသင်ယူရေးတို့အတွက် မူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းသားလူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် သင်ကြားရေး ဆရာ ဆရာမများ သာမက စီမံခန့်ခွဲသူ၊ မိဘအုပ်ထိန်းသူ၊ ရပ်ရွာလူထု၊ ပညာရေးနှင့် ပတ်သက်ဆက်စပ်သူအားလုံး ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း။

၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှစတင်၍ KG+12 အကောင်ထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခု ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ကျန်ရှိနေသော သင်ရိုးသစ် အတန်းများဖြစ်သည့် Grade-9 နှင့် Grade-12 အတန်းတို့ကို ဖွင့်လှစ်သင်ကြားသွားမည် ဖြစ်သည့်အတွက် KG+12 သင်ရိုးသစ်ဖြင့် အတန်းအားလုံးကို ဆောင်ရွက်သွားနိုင်ပြီဖြစ်ကြောင်း၊ အလယ်တန်းပညာရေး KG+9 ပြီးဆုံးအောင်မြင်သူများအနေဖြင့် အသက်မွေးဝမ်းကျောင်းပညာ အခြေခံရရှိရေးအတွက် Grade-10၊ Grade-11၊ Grade-12 အတန်းများတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာရပ်များကို ယခု ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှစတင်၍ ခရိုင် ၅၀ တွင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း ၅၁ ကျောင်းကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဖွင့်လှစ်သွားမည်ဖြစ်ကြောင်း။

ကျောင်းအပ်နှံသည့် ကလေးများအတွက် ကျောင်းသုံးပြဋ္ဌာန်းပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်နှင့် ကျောင်းဝတ်စုံတို့ကို အခမဲ့ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် သင်ကြားသင်ယူမှု ပိုမိုထိရောက်အောင်မြင်စေရန် သင်ထောက်ကူပစ္စည်းများကိုလည်း နှစ်စဉ် ပံ့ပိုးပေးလျက်ရှိကြောင်း။

“ကျောင်းနေအရွယ်ကလေးအားလုံး ပညာရေးမဝေးဖို့ ကျောင်းအမြန်အပ်နှံစို့” ဟူသည့်ဆောင်ပုဒ်နှင့်အညီ အချိန်မီ ကျောင်းအပ်နှံကြရန်နှင့် ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းအပ်နှံရေးအတွက် သက်ဆိုင်ရာ မိဘအုပ်ထိန်းသူများ၊ ရပ်ရွာလူထုများ၊ ဌာနဆိုင်ရာများအနေဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင်များ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက တာဝန်ရှိသူများထံ အခမဲ့ပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံနှင့်ကျောင်းဝတ်စုံများ ပေးအပ်ကြသည်။

ယင်းနောက် ဇေယျာသီရိမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူများက “ဇာတိမာန်”သီချင်းဖြင့် ဖျော်ဖြေကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့သည် စာသင်ခန်းအလိုက် ကျောင်းအပ်လက်ခံနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

ပညာရေးဝန်ကြီးဌာန

**၂၀၂၃ -၂၀၂၄ ပညာသင်နှစ်**

**“ကျောင်းနေအရွယ်ကလေးအားလုံး ပညာရေးမဝေးဖို့ ကျောင်းအမြန်အပ်နှံစို့”**

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၂၃ ခုနှစ်၊ မေလ ၂၃ ရက်နေ့မှ မေလ ၃၁ ရက်နေ့ထိ

---

ပညာရေးဝန်ကြီးဌာန

၂၀၂၃-၂၀၂၄ ပညာသင်နှစ်

“အသိပေးကြေညာချက်”

❖ **၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG)သို့ အပ်နှံရန်။**

❖ **၆ နှစ်အရွယ် ကလေးများကို ပထမတန်း(Grade-1)သို့ အပ်နှံရန်။**

---

**❂ ကျောဖုံးမှ**

ကျွန်မတို့မှာ အရွယ်သုံးပါးဆိုတာရှိတယ်။ ပညာသင်ရမယ့်အရွယ်ကတော့ ပညာသင်တာအကောင်းဆုံးပါ။ အတတ်နိုင်ဆုံး မိဘများက ကိုယ့်ရဲ့ကလေးတွေကို ကျောင်းထားစေလိုပါတယ်။ နိုင်ငံတော်ကလဲ အတတ်နိုင်ဆုံး အားလုံးပံ့ပိုးပေးထားတယ်။ မိဘတွေဘက်ကလဲ ဝိုင်းဝန်းပြီးတော့ ကလေးတွေပညာသင်ရမယ့်အရွယ်မှာ ပညာသင်ကြားပေးစေချင်ပါတယ်။ ဒီနေ့မှာ ကျောင်းသားမိဘတွေ အများကြီး ကျောင်းလာရောက်အပ်နှံကြတဲ့အတွက် ဝမ်းသာမိပါတယ်”ဟု မဟာအောင်မြေခရိုင် ပညာရေးမှူး ဒေါက်တာသက်လှစုက ပြောသည်။

ကျောင်းအပ်နှံရာတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာဖြင့် ပညာသင်ကြားနိုင်ရေးအတွက် မည်သည့်ငွေကြေးမှ မကောက်ခံဘဲ အခမဲ့ပညာရေးစနစ်ဖြင့် ဆောင်ရွက်ပေးနေပြီး ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၊ ဗလာစာအုပ်များ၊ ကျောင်းသုံးစာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများကိုလည်း ထောက်ပံ့ပေးလျက်ရှိသည်။

ကျောင်းလာရောက်အပ်နှံသည့် ကျောင်းသားမိဘတစ်ဦးဖြစ်သူ ဒေါ်အေးလေးကလည်း “ကျောင်းအပ်ရတာ အဆင်ပြေပါတယ်။ ငွေကြေးကုန်ကျမှုလည်းမရှိပါဘူး။ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်နဲ့ ဗလာစာအုပ်တွေလဲ ထောက်ပံ့ပေးလို့ ဝမ်းသာမိပါတယ်။ ဘယ်လိုအခြေအနေမှာပဲဖြစ်ဖြစ် ကိုယ့်သားသမီးအနာဂတ်အတွက် ကျောင်းအပ်သင့်တယ်လို့ထင်ပါတယ်။ လာရောက်အပ်နှံဖို့လည်း တိုက်တွန်းပါတယ်” ဟု ပြောသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း၌ အခြေခံပညာကျောင်းပေါင်း ၄၂၇၀၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၃၂၀ နှင့် ကိုယ်ပိုင်ကျောင်းပေါင်း ၂၃၀ ရှိကြောင်း သိရသည်။

**မောင်အေးချမ်း၊ ဓာတ်ပုံ-Ai(Mdy)**

---

ပညာရေးဝန်ကြီးဌာန

“၂၀၂၃ -၂၀၂၄ ပညာသင်နှစ်”

**ကျောင်းအုပ်၊ ဆရာ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့်အချက်များ**

❖ မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း/လက်ခံခြင်းမပြုရ။

❖ ငွေကြေး/လက်ဆောင်ပစ္စည်း တစ်စုံတစ်ရာ လက်ခံခြင်းမပြုရ။

❖ အတန်းတံဆိပ်၊ ကျောင်းတံဆိပ်နှင့် အခြားမည်သည့်ပစ္စည်းကိုမျှ ရောင်းချခြင်းမပြုရ။

❖ ကျောင်းသား ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး မိဘများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပေးပါရန်။

❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးရန်။

❖ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့် ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် မိဘများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

❖ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။

❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။

❖ ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။

❖ ကျောင်းသား ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။

❖ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ရန်နှင့် ဆေးကုသမှုခံယူရန်။

❖ အသက်(၁၂)နှစ်ပြည့်ပြီး ကျောင်းသား ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ရာနှုန်းပြည့် ထိုးနှံပြီးစီးနိုင်ရေး သက်ဆိုင်ရာကျန်းမာရေးဦးစီးဌာနနှင့်ပူးပေါင်းဆောင်ရွက်ရန်။

# နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံရေးသီတင်းပတ် စတင်ဆောင်ရွက်မှု ဓာတ်ပုံမြင်ကွင်း



ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင် မေ ၂၃ ရက်က လွိုင်ကော်မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ ကျောင်းအပ်လက်ခံနေမှုကို ကြည့်ရှုအားပေးစဉ်။ ပြည်နယ်(ပြန်/ဆက်)



စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် မေ ၂၃ ရက် နံနက်ပိုင်းက မုံရွာမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ်လက်ခံနေမှုကို ကြည့်ရှုအားပေးစဉ်။ တိုင်းဒေသကြီး (ပြန်/ဆက်)



ဧရာဝတီ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း မေ ၂၃ ရက်က ပုသိမ်မြို့ပေါ်ရှိ အခြေခံပညာ ကျောင်းများ၌ ကျောင်းအပ်လက်ခံမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ တိုင်းဒေသကြီး(ပြန်/ဆက်)



မွန်ပြည်နယ် ပေါင်မြို့နယ် အခြေခံပညာကျောင်း၌ မေ ၂၃ ရက်က ကျောင်းအပ်လက်ခံစဉ်။ မြို့နယ်(ပြန်/ဆက်)



ရခိုင်ပြည်နယ် မင်းပြားမြို့နယ် အခြေခံပညာကျောင်း၌ မေ ၂၃ ရက်က ကျောင်းအပ်လက်ခံစဉ်။ သိန်းနုအောင်



မွန်ပြည်နယ် သထုံမြို့နယ် အခြေခံပညာကျောင်း၌ မေ ၂၃ ရက်က ကျောင်းအပ်လက်ခံစဉ်။ ခရိုင်(ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် အခြေခံပညာကျောင်း၌ မေ ၂၃ ရက်က ကျောင်းအပ်လက်ခံစဉ်။ မြို့နယ်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ကျီတော်ရပ်ကွက် အမက(၁၂)မူလွန်တွင် မေ ၂၃ ရက်က ကျောင်းအပ်လက်ခံစဉ်။ ကျော်စိုးမိုး



တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် အခြေခံပညာကျောင်း၌ မေ ၂၃ ရက်က ကျောင်းအပ်လက်ခံစဉ်။ မြို့နယ်(ပြန်/ဆက်)



မွန်ပြည်နယ် ကျိုက်မရောမြို့နယ် အခြေခံပညာကျောင်း၌ မေ ၂၃ ရက်က ကျောင်းအပ်လက်ခံစဉ်။ မြို့နယ်(ပြန်/ဆက်)

# ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တပ်နယ်များ၏ ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် တပ်ရင်း / တပ်ဖွဲ့များအား ကြည့်ရှုစစ်ဆေးပြီး ပြန်လည်တည်ဆောက်ရေးအတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း

နေပြည်တော် မေ ၂၃

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်၌ ရောက်ရှိနေသော ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး မောင်မောင်အေးသည် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ဘူးသီးတောင်တပ်နယ်ရှိ မုန်တိုင်းသင့်၍ ပျက်စီးခဲ့သော နယ်မြေခံတပ်ရင်း/တပ်ဖွဲ့များရှိ အဆောက်အအုံများအား လိုက်လံကြည့်ရှုကာ ပြန်လည်ပြုပြင်တည်ဆောက်နိုင်ရေး မှာကြားခဲ့ပြီး အိမ်ထောင်သည် ရဲမေများအား တွေ့ဆုံအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ထို့နောက် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)သည် အဆိုပါ တပ်နယ်တပ်ရင်းများ၌ မွေးမြူထားသည့် ဥစားကြက်မွေးမြူရေးခြံသို့သွားရောက်ကြည့်ရှု၍ ဥနှုန်းများ သတ်မှတ်နှုန်းထား ပြန်လည်ပြည့်မီနိုင်ရေး ဆောင်ရွက်ရန် လိုအပ်သည်များ မှာကြားခဲ့ပြီး အိမ်ထောင်သည် လိုင်းများတွင် စိုက်ပျိုးထားသည့် မိသားစုများ၏ တစ်နိုင်တစ်ပိုင် စိုက်ခင်းများအား လိုက်လံကြည့်ရှုသည်။

ဆက်လက်၍ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့် အဖွဲ့သည် ကံစောက်နယ်မြေခံတပ်ရင်းများ၏ မုန်တိုင်းသင့်၍ ပျက်စီးခဲ့သော အဆောက်အအုံများကို ပြန်လည် ပြင်ဆင်နေမှုအား ကြည့်ရှု၍ ပျက်စီးမှုရာခိုင်နှုန်းများအလိုက် ဦးစားပေးအဆင့် သတ်မှတ်ကာ ပြန်လည်ပြင်ဆင်တည်ဆောက်သွားရန် မှာကြားခဲ့ပြီး အိမ်ထောင်သည် ရဲမေ၊ မိသားစုဝင်များအား တွေ့ဆုံ၍ အားပေးစကား ပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။



ထိုမှတစ်ဆင့် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့်အဖွဲ့သည် ကျောက်တော်တပ်နယ်သို့ ရောက်ရှိရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။ ထို့နောက် ကျောက်တော်တပ်နယ်ရှိ မုန်တိုင်းသင့်၍ပျက်စီးခဲ့သော နယ်မြေခံ တပ်ရင်း/တပ်ဖွဲ့များရှိ အဆောက်အအုံများကို လိုက်လံကြည့်ရှု၍ ပြင်ဆင် ဆောင်ရွက်သွားရန် မှာကြားခဲ့ပြီး အိမ်ထောင်သည် ရဲမေများအား တွေ့ဆုံ၍ အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။ ထိုမှတစ်ဆင့် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့်အဖွဲ့သည် ကျောက်တော်မြို့နယ်ရှိ မဟာမုနိရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်၍ ပန်း၊ ရေချမ်းကပ်လှူပြီး ဘက်စုံပြုပြင်ရန်အတွက် အလှူငွေများလှူဒါန်းရာ ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

ထိုမှတစ်ဆင့် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့်အဖွဲ့သည် မြောက်ဦးတပ်နယ်သို့ ရောက်ရှိရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။ ထို့နောက် မြောက်ဦး တပ်နယ်ရှိမုန်တိုင်းသင့်၍ ပျက်စီးခဲ့သော နယ်မြေခံ တပ်ရင်း/တပ်ဖွဲ့များရှိ အဆောက်အအုံများကို လိုက်လံကြည့်ရှု၍ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက်လိုအပ်သည်များမှာကြားခဲ့ပြီး အိမ်ထောင်သည်ရဲမေများအား တွေ့ဆုံ၍ အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။ ဆက်လက်၍ နယ်မြေခံလုံခြုံရေးရဲတပ်ဖွဲ့ခွဲသို့ ရောက်ရှိပြီး မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားခဲ့သည့် အဆောက်အအုံများအား လိုက်လံကြည့်ရှု၍ ပြန်လည်ပြုပြင်တည်ဆောက်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ပြီး မိသားစုဝင်များအား တွေ့ဆုံ အားပေးစကား ပြောကြားကာ စားသောက် ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ထို့နောက် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့်အဖွဲ့သည် မင်းပြားတပ်နယ်ရှိ နယ်မြေခံ သင်တန်းကျောင်းသို့ ရောက်ရှိပြီး သင်တန်းကျောင်းရှိ ပေါင်းစည်းလယ်ယာ ဘက်စုံစိုက်ပျိုး/မွေးမြူရေးခြံတွင်မွေးမြူထားသော ဥစားကြက် မွေးမြူရေးခြံများ၊ DYL အသားတိုးဝက်မွေးမြူရေးခြံနှင့် ဆိတ်မွေးမြူရေးခြံတို့အား လိုက်လံကြည့်ရှု၍ လိုအပ်သည်များ မှာကြားခဲ့သည်။ ထို့နောက် နယ်မြေခံ သင်တန်းကျောင်းရှိ မုန်းတိုင်သင့်၍ ပျက်စီးခဲ့သော အဆောက်အအုံများ၊သင်တန်းသားအိပ်ဆောင်၊ စာသင်ဆောင်နှင့် စားချက်ဆောင်များကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့်အဖွဲ့သည် နယ်မြေခံသင်တန်းကျောင်းရှိ အောင်စစ်သည်ခန်းမ၌ အရာရှိ၊ စစ်သည်၊ နည်းပြများ၊ သင်တန်းသားများနှင့် အိမ်ထောင်သည် ရဲမေများအားတွေ့ဆုံ၍ အမှာစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။

ထို့နောက် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့်အဖွဲ့သည် သင်တန်းကျောင်း အစည်းအဝေးခန်းမ၌ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားခဲ့သော အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်နိုင်ရေးနှင့် ပတ်သက်သည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကိုကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်၍ တက်ရောက်လာသူများက သက်ဆိုင်ရာကဏ္ဍအလိုက် တင်ပြချက်များနှင့် ပတ်သက်၍ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)က ညှိနှိုင်းပေါင်းစပ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၂၃

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် ကြေညာချက်များထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီး ဖြစ်သည်။



ဒုတိယဗိုလ်ချုပ်ကြီးလူအေး ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်ရှိ စာသင်ကျောင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရာ ယနေ့တွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်သို့ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလူအေးသည် တာဝန်ရှိသူများနှင့်အတူ ဆိုင်ကလုန်း မုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုများရှိသည့် စာသင်ကျောင်းများနှင့် ဘုန်းတော်ကြီးကျောင်းများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

အလားတူ မောင်တောခရိုင် ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းသည် ဘူးသီးတောင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် မြို့နယ်အဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအဖွဲ့များနှင့် ဌာနဆိုင်ရာအဖွဲ့များ တွေ့ဆုံ၍ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့မှု အခြေနေများနှင့် မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ကူညီကယ်ဆယ်ရေး ပစ္စည်းများ ဖြန့်ဝေထောက်ပံ့ပေးနိုင်ရေးကိစ္စရပ်များနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးကြပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ မုန်တိုင်းဒဏ်ကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရသေ့တောင်မြို့သို့ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်အောင်မျိုးထွန်းသည် တာဝန်ရှိသူများနှင့်အတူ လေးကန်ကျေးရွာ အုပ်စုအား စားရေရိက္ခာနှင့် အဝတ်အထည်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းနှင့် ရေသန့်ဖြန့်ဝေနေမှုများကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ သံတွဲမြို့သို့ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်စိုးနိုင်ဦးသည် တာဝန်ရှိသူများနှင့်အတူ မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားခဲ့သည့် ဌာနဆိုင်ရာအဆောက်အအုံများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ မြောက်ဦးခရိုင် မြေပုံမြို့နယ်သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ် ကျော်ကျော်စိုးသည် တာဝန်ရှိသူများနှင့်အတူ မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် အခြေခံပညာ အထက်တန်းကျောင်း(သဲတန်)နှင့် (မြေပုံ)တို့၌ ကူညီကယ်ဆယ်ရေးအဖွဲ့များက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ မာန်အောင်မြို့နယ်သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ် ကျော်ကျော်ဦးသည် တာဝန်ရှိသူများနှင့်အတူ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့် စာသင်ကျောင်းများကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေမှ ထောက်ပံ့လှူဒါန်းသော အမိုးသွပ်ပြားများ သွားရောက်ထောက်ပံ့လှူဒါန်းပြီး မာန်အောင်မြို့ ပြည်သူ့ဆေးရုံ၌ ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးသည်။

အလားတူ ချင်းပြည်နယ် တီးတိန်မြို့သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ်ဝင်းကိုကိုသည် တာဝန်ရှိသူများနှင့်အတူ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့် ဆောင်ပီးကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းအတွက် အမိုးသွပ်များ သွားရောက်ထောက်ပံ့ပေးအပ် ပြီး အဆိုပါမြို့ရှိ ဗဟိုသာသနာပြု ကျောင်းတိုက်သို့ သွားရောက်၍ ဆန်၊ ဆီ၊ ဆား၊ ပဲ စသည့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ မတူပီမြို့သို့ရောက်ရှိနေသော ဗိုလ်မှူးချုပ်ခင်မောင်အေးသည် တာဝန်ရှိသူများနှင့်အတူ ထေရဝါဒတောင်တန်းသာသနာပြုဗဟိုကျောင်းတိုက်သို့ သွားရောက်၍ ဆန်၊ ဆီ၊ ဆား၊ ပဲ စသည့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့အတူ မောင်တောမြို့သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ် တင်ဆွေသည် တာဝန်ရှိသူများနှင့်အတူ မုန်တိုင်းဒဏ်ကြောင့် မောင်တောမြို့နယ် အတွင်းရှိ ရပ်ကွက်/ကျေးရွာများမှ စာသင်ကျောင်းများ၊ လူနေအိမ်များနှင့် ဌာနဆိုင်ရာ အဆောက်အအုံများ ပျက်စီးနေမှု အခြေအနေများနှင့် လှဖိုးခေါင် ယာယီနေရာချထားရေးစခန်းသို့ သွားရောက်၍ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့မှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ မြေပြင်စာရင်းကောက်ယူရေးအဖွဲ့များက စာရင်းကောက်ယူ ထားရှိမှုများအား လိုက်လံရှင်းလင်း ပြသခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အချိန်ခါရှိခိုက် လုံ့လစိုက်၍ ကျောင်းနေပျော်ပြီး ပညာတော်အောင် ရှက်ဆောင်ကြိုးပမ်း . . .

မောင်ငြိမ်းအေး

**မိဘတိုင်း မိဘတိုင်းသည် မိမိတို့၏သားသမီးများကို ဆင်စီး၍ မြင်းရံသည်ကို မြင်ချင်ကြသည်။ ဉာဏ်ပညာထူးချွန်ထက်မြက်သည့် သားကောင်းသမီးကောင်း ဖြစ်လိုကြသည်။ များသောအားဖြင့် မိဘများသည် မိမိတို့သားသမီးများကို အရည်အချင်းကောင်းများ ရှိနေကြသူများဟုသာ ခံယူထားကြ၏။ ဆန်းစစ်လေ့လာ တွေ့ရှိချက်အရ ၇၀ ရာခိုင်နှုန်းသောကလေးငယ်များသည် ပတ်ဝန်းကျင်တွင် အသိဉာဏ်အဆင့်အတန်း အတန်အသင့်မြင့်မားကြသည်ဟု ဆိုထားသည်။**

## အထူးဝါယမစိုက်ထုတ်

ပင်ကိုဉာဏ်ရည်ထက်မြက်သူ ကလေးငယ်တစ်ယောက်သည် ကျောင်းနေသောအခါမှသာ သူ၏အစွမ်းအစအရည်အချင်းကို ထင်ရှားစွာသိလာရ၏။ ဉာဏ်ရည်နည်းသူ ကလေးငယ်အဖို့လည်း ကျောင်းနေပြီးလျှင် ကြိုးစားအားထုတ်ပါက ဉာဏ်ရည်ကောင်းသူ ကလေးငယ်တစ်ယောက်ဖြစ်လာနိုင်၏။ ထို့ကြောင့် ပင်ကိုဉာဏ်ရည်ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ မိဘအုပ်ထိန်းသူများသည် ကလေးငယ်များ၏ရှေ့ရေးအတွက် ကြောင့်ကြမဲ့မနေသင့်ပေ။ မိမိတို့၏သားသမီးများ အဆင့်အတန်းတစ်ခုသို့ ရောက်ရှိလာအောင် ပညာသင်ကြား၍ ကြိုးစားအားထုတ်ကြရန် လိုအပ်ပေသည်။ ကလေးသူငယ်များအဖို့ လူအများအလယ်၌ ဘဝခရီးဖြောင့်ဖြူးပြီး လူသတ္တဝါတို့၏ အကျိုးစီးပွားကို ဆောင်ကြဉ်းနိုင်သော ပညာတတ်တစ်ယောက်ဖြစ်လာစေရန် မိဘနှင့်ဆရာတို့က အထူးဝါယမစိုက်ထုတ်ကြရမည်ဖြစ်သည်။

လူတို့သည် မိမိတို့တွင် အသိပညာ၊ အတတ်ပညာရှိသမျှဖြင့် ဘဝကို တည်ဆောက်နေကြသူများဖြစ်သည်။ အတတ်ပညာကို အတွေ့အကြုံဖြင့် ဖန်တီးရယူနိုင်သော်လည်း အတန်းပညာနှင့် ပေါင်းစပ်၍ အတတ်ပညာကို ဖြည့်စွက်လိုက်မည်ဆိုပါက ပိုမိုထွန်းပေါက်ခရီးရောက်မည်ဖြစ်သည်။ ထို့ကြောင့် အသိပညာ၊ အတတ်ပညာသည် အတန်းပညာပေါ်တွင် မူတည်သဖြင့် အတန်းပညာများကို ပြီးဆုံးအောင်သင်ယူပြီး မိမိတို့ဘဝ တိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ "အတန်းပညာရှိမှသာ အသိပညာ၊ အတတ်ပညာတို့ကို တိုးတက်ရရှိနိုင်မည်ဖြစ်သည့်အတွက် ကျောင်းနေအရွယ်ကလေးငယ်အားလုံး ပညာသင်ကြားနိုင်ရေး ပညာရေးကို အားပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း" နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှာကြားထားသည်။

## အောင်ပန်းများကိုဆွတ်ခူးနိုင်

အရွယ်ရောက်လာသည့် ကလေးသူငယ်လူငယ်လူရွယ်များ၏အလုပ်သည် ပညာသင်ကြားရေးသာဖြစ်သည်။ အသိပညာဗဟုသုတများကို ငယ်စဉ်အခါ ကျောင်းတွင် ရှာဖွေခြင်းသည် အနာဂတ်အတွက် အဖိုးတန်သောရင်းနှီးမှုပင်ဖြစ်သည်။ အသိပညာဟူသည့် အာဟာရကို စားသုံးလျှင် လိမ္မာသက်ရှည် ဂုဏ်ရည်ပြည့်ဝအောင်ပွဲရ၏။ အာဟာရဟူသောစားဖွယ်များကို နေ့စဉ်စားသုံးကြသလို စာပေပညာဟူသော အသိပညာ၊ အတတ်ပညာများကို နေ့စဉ်နေ့တိုင်း ရှာဖွေသင်ကြားမှတ်သားလိုက်နာကြမည်ဆိုလျှင် လိမ္မာရေးခြားရှိခြင်း၊ အသက်ရှည်ရခြင်း၊ ဂုဏ်သရေရှိခြင်း၊



ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံခြင်း၊ အောင်ပွဲအောင်ပန်းများကို လွယ်ကူစွာဆွတ်ခူးနိုင်ခြင်း စသည့်အကျိုးများကို ရရှိစေသည်။

လောက၌ **"နောင်မှစိတ်ပူ၊ အရမတော်သူ"** ပုဂ္ဂိုလ်လေးယောက်တွင် ပညာသင်ယူရာ၌ အလေးဂရုမပြုသူတစ်ယောက်လည်း ပါဝင်သည်ဟု ဆရာများက အသိပေးထားသည်။ လောကအလယ်၌ မျက်နှာငယ်ရ၊ လူ့တန်ဖိုးမရသကဲ့သို့ဖြစ်ပေမည်ဟု ဆိုလိုခြင်းဖြစ်သည်။ ပညာသင်ယူရေးကို အလေးမမူသောသူတို့၏ နိမ့်ကျသောဘဝဖြစ်ရတတ်သည်ကို လူကြီးမိဘများက အခါခါသတိပေးလေ့ရှိသည်။

အသိအလိမ္မာ အတတ်ပညာဟူသည် အသက်ထက်ဆုံး ကာလပတ်လုံး ကြည်လင်အေးမြချမ်းသာရန်အတွက် အသိပညာ၊ အတတ်ပညာတို့ကို သင်ကြားနာယူ မှတ်ယူလိုက်နာနေရခြင်းဖြစ်သည်။ ဘဝအတွက် ရေရှည်ကောင်းမြတ်ရန် ကိုယ်ခံဆေးဝါးကောင်းတစ်ခွက်နှင့်လည်း တူပါပေ၏ဟု ရှေးရှေးသောပညာရှိများက ဝမ်းမြောက်ဝမ်းသာ ထုတ်ဖော်မှတ်တမ်းတင်ခဲ့ကြသည်။ ထို့ကြောင့် ပညာကို အပတ်တကုတ်ကြိုးစားအားထုတ်ကြရမည်ဖြစ်သည်။

## ပညာသင်ကြားအကျိုးများ

ပညာသင်ကြားခြင်း၏ အကျိုးရလဒ်နှင့် ပတ်သက်၍ ရှင်မဟာရဋ္ဌသာရ၏ဆုံးမစာတွင် **"စာပေသင်ယူကြသောသူဟူသမျှတို့သည် ပုစွန်ကို ကျွတ်ကျွတ်မြည်အောင် ကြောင်သတ္တဝါသည် စားသကဲ့သို့လည်းကောင်း၊ သစ်သားကို ခွဲစိတ်သော လွှသွားကဲ့သို့လည်းကောင်း လေ့ကျင့်သင်ကြားကာ လိုသောအခါ၌ ရလွယ်အောင် အနက်အဓိပ္ပာယ်နှင့် တကွ ကြံဆောင်မှတ်သား၍ ထားမှသာလျှင် အကြောင်းရှိ၍ တစ်ခုခုကို စလိုက်က အားလုံးပင် ပေါ်ထွက်လာကာ ပရိသတ်အလယ်၌ ကြောက်ရွံ့ခြင်းမရှိဘဲ သတိကောင်းစွာဖြင့် မယိမ်းမယိုင်သော ကျောက်စာတိုင်ကဲ့သို့ အဖြာဖြာတို့၌ ခွဲဝေ၍ ပြောကြားနိုင်မည်ကို တွေးတောပါလေ"** ဟုဆိုထားသည်။ ကြောင်သည် ပုစွန်ကို အခြားအစာများထက် ပိုကြိုက်၍ အားရစွာစားသကဲ့သို့ ပညာကိုလည်း အားရစွာ ကြိုးစားသင်ကြားခြင်းဖြင့် အကျိုးများပုံကို ညွှန်းဆိုဖော်ပြထားပါသည်။

## ပွတ်တိုက်အရောင်တင်ပေး

မြန်မာနိုင်ငံရှိ ကလေးသူငယ်များသည် ဉာဏ်ရည်မနိမ့်သူများသာဖြစ်သည်။ ကလေးငယ်များ၏ ဉာဏ်ရည်ဉာဏ်သွေးမြင့်မားတိုးတက်လာအောင် မြှင့်တင်ပျိုးထောင်ပေးသည့် အတန်းပညာကို အကြောင်းအမျိုးမျိုးဖြင့် သင်ကြားနိုင်ခြင်းမရှိ၍သာ ထူးချွန်ထက်မြက်သူများ နည်းပါးနေခြင်းဖြစ်သည်။ ကလေးငယ်၏အနာဂတ်အတွက် ထိုက်တန်သည့် အဆင့်အတန်းတစ်ခုသို့ ရောက်ရှိရေး၌ အခက်အခဲများရှိနေခဲ့၏။ တော်ပါသော်လည်း တန်ဖိုးဖြတ်သည့် မှတ်ကျောက်မတင်နိုင်ကြသဖြင့် ကြုံရာကျရာ ဘဝတစ်ခု၌သာ ကျင်လည်ကျက်စားနေကြရသည်။ ကျောင်းပညာကို ပြီးဆုံးအောင် မသင်နိုင်ခဲ့သဖြင့် **"မီးခဲပြာဖုံး"**သကဲ့သို့ စွမ်းအားပျောက်သလိုဖြစ်နေကြ၏။ **"ပတ္တမြားမှန်လျှင် နွံ့မှာ နစ်သော်လည်း မညစ်"** သကဲ့သို့ မိမိတို့ရင်သွေး ရတနာများအား ပညာတည်းဟူသော အမြိုက်ဆေးဖြင့် ပွတ်တိုက်အရောင်တင်ပေးရမည်ဖြစ်သည်။

## ကျောင်းများတက်နိုင်ရေး

မြန်မာနိုင်ငံတွင် အတန်းပညာသင်ကြားမှုနှင့် ပတ်သက်၍ လေ့လာဆန်းစစ်ချက်အရ နိုင်ငံလူဦးရေ၏ ထက်ဝက်ကျော်ခန့်သည် အခြေခံပညာအလယ်တန်းအဆင့်အောက်၌သာ ရှိနေသည်ဟုသိရသည်။ ပညာရေးအားနည်းချက်ရှိနေသောအခါ မျိုးဆက်များ၏ ဘဝအဆင့်အတန်းမှာလည်း နိမ့်ကျနေမည်ဖြစ်သည်။ မျက်မှောက်ကာလတွင် ကိုဗစ်-၁၉ ရောဂါနှင့် နိုင်ငံရေးပယောဂ လှိုင်းဂယက်တို့ကြောင့် ပညာသင်ကြားမှုအခွင့်အလမ်းများ ဆုံးရှုံးခဲ့ရသည့် ကလေးသူငယ်လူငယ်များကို တွေ့မြင်နိုင်သည်။ ယခုအခါ ပညာသင်နှစ်တစ်နှစ်ကို အဆင်ပြေချောမွေ့စွာ ပြီးဆုံးခဲ့ပြီဆိုသော်လည်း ကျောင်းတက်ရာခိုင်နှုန်း မပြည့်မီကြောင်းသိရသည်။ အချို့ဒေသများ၌ အကြမ်းဖက်သမားများ၏ ခြိမ်းခြောက်မှုနှင့် အခြားအကြောင်းအမျိုးမျိုးတို့ကြောင့် ပညာမသင်ကြားနိုင်သော၊ ကျောင်းမတက်နိုင်သော လူငယ်လူရွယ်များရှိနေသည်။

ထို့ကြောင့် လာမည့်ပညာသင်နှစ်တွင် တစ်နိုင်ငံလုံးရှိ ကျောင်းများအားလုံး ဖွင့်လှစ်နိုင်ရေး အစိုးရက ကြိုးပမ်းအားထုတ်မည်ဟုသိရသည်။ နယ်မြေဒေသအားလုံးတွင် ကျောင်းများဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သောဒေသ၌ စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ထားခြင်းသည် အကြောင်းတစ်ချက်ဖြစ်သည်။ ပြည်သူပြည်သားအားလုံး ပညာတတ်မြောက်ရေးအတွက် ပညာရေးဝန်ထမ်းများက အခက်အခဲအနှောင့်အယှက်များကြားမှ ဖြည့်ဆည်းပေးနေသည်ကို အသိအမှတ်ပြုရမည်ဖြစ်သည်။ အနှောင့်အယှက်များကို ကျော်လွှားနိုင်ရန်အတွက် လိုအပ်သည့်ဒေသများ၌ စည်းကမ်းများကို တင်းတင်းကျပ်ကျပ်ကိုင်တွယ်နေသည်မှာ ဖြစ်သင့်ပါသည်။ လာမည့်ပညာသင်နှစ်တွင် အေးအေးချမ်းချမ်း ပညာသင်ကြားနိုင်ရေးနှင့် ကျောင်းတက်သူဦးရေ တိုးပွားလာရေးအတွက် နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးမည်ဖြစ်၍ ဝမ်းမြောက်မိသည်။

## ယနေ့ပင်စတင်လိုက်စို့

**"စိတ်ပိုင်း၊ ရုပ်ပိုင်း အစဉ်ဖွံ့ဖြိုးကြီးထွားလာနေတဲ့သူတို့လေးတွေအတွက် ပေးရမယ့်အဖြေဟာ မနက်ဖြန်မဟုတ် ဒီနေ့ပဲ"**လို့ ဆိုပါတယ်။ အဓိပ္ပာယ်အလွန်လေးနက်ပြီး တာဝန်အဆင့်ဆင့်ရှိသူတွေသာမက နိုင်ငံသားအားလုံးကို သတိပေးလိုက်တဲ့ တပ်လှန့်သံလို့ဆိုရင် ရတယ်။ ဒီနေ့တော့ ကလေးတွေအတွက် ဒီအဖြေပေးသွားပြီ၊ ကဲ . . . အားလုံးကလည်း ကလေးများအတွက် **"ဒီနေ့"** လို့ တူတူညီညီ ကတိပေးကြပါစို့။ အထက်ပါကဗျာစာသားလေးသည် ၁၉၄၅ ခုနှစ်က စာပေနိုဗယ်ဆုရ ချီလီနိုင်ငံမှ ကဗျာဆရာမကြီး Gabriela Mistral ရေးစပ်ခဲ့သည့် ကဗျာတစ်ပုဒ်ဖြစ်သည်။ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ အဆက်မပြတ်ဖွံ့ဖြိုးနေသည့် ကလေးငယ်များအတွက် ပညာသင်ကြားပေးရေးကို ယနေ့ပင် အားလုံးစတင်လိုက်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်ထားသည့်ကဗျာလေးဖြစ်သည်။

## ကျောင်းသား ကျောင်းသူများအတွက်

အကြောင်းအမျိုးမျိုးကြောင့် ကျောင်းနေခွင့်မရ၊ ကျောင်းထွက်ခဲ့ရသည့်ကလေးများ၊ ဘဝပြဿနာအဖုံဖုံကြောင့် မိဘအငြိုအငြင်ခံပြီး ပညာသင်ကြားနေရသည့် ကလေးများ၊ မိဘအတွက် ဝင်ငွေရှာဖွေပေးနေရသည့်ကလေးများ၊ ဖိအားပေးမှု၊ အကျပ်ကိုင်မှု၊ စိုးရိမ်ကြောက်လန့်မှုတို့ကြောင့် ကျောင်းမနေရသည့်ကလေးများ၊ ရပ်ရွာထဲတွင် ဆေးဖော်ကြောဖက်အလုပ်မခံရသည့် အပယ်ခံကလေးများ စသည်စသည် ပညာရေးနှင့် ဝေးနေရသည့်

စာမျက်နှာ ၁၄ သို့ ✧

**❛ လူတို့သည် မိမိတို့တွင် အသိပညာ၊ အတတ်ပညာရှိသမျှဖြင့် ဘဝကို တည်ဆောက်နေကြသူများ ဖြစ်သည်။ အတတ်ပညာကို အတွေ့အကြုံဖြင့် ဖန်တီးရယူနိုင်သော်လည်း အတန်းပညာနှင့် ပေါင်းစပ်၍ အတတ်ပညာကို ဖြည့်စွက်လိုက်မည်ဆိုပါက ပိုမိုထွန်းပေါက်ခရီးရောက်မည်ဖြစ်သည်။ ထို့ကြောင့် အသိပညာ၊ အတတ်ပညာသည် အတန်းပညာပေါ်တွင် မူတည်သဖြင့် အတန်းပညာများကို ပြီးဆုံးအောင် သင်ယူပြီး မိမိတို့ဘဝ တိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ကြရမည် ❜**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ချမ်းသာရွှေပြည်အိမ်ရာ၊ (၁၀)ရပ်ကွက်၊ မြို့တော်(၂)လမ်း၊ အမှတ်(စီ/၁၀)တွင် ပါတီရုံးချုပ်တည်ရှိသော **မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ (Myanmar Farmers' Development Party)**က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားချက်အရ ယင်းပါတီက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပြီး အများပြည်သူ ကန့်ကွက်နိုင်ကြောင်း ၁၈-၃-၂၀၂၃ ရက်နေ့ နေ့စဉ်ထုတ်သတင်းစာများတွင် ထည့်သွင်းကြော်ငြာခဲ့ပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအလံနှင့် တံဆိပ်တို့ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ရာတွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၈(က)ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိကြောင်း တွေ့ရှိရသဖြင့် ပြန်လည်ပြင်ဆင်စေခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ **မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ (Myanmar Farmers' Development Party)**က ပြင်ဆင်တင်ပြလာသည့် ဖော်ပြပါ ပါတီအလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ (Myanmar Farmers' Development Party)၏ အလံပုံစံ**



**မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ (Myanmar Farmers' Development Party)၏ တံဆိပ်ပုံစံ**




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သာယာရပ်ကွက်၊ နှင်းဆီလမ်းနှင့် ၂၁ လမ်းထောင့်၊ အိမ်အမှတ် (၂၆၁) တွင် ပါတီရုံးချုပ်တည်ရှိသော **ပြည်ထောင်စုတိုးတက်ဖွံ့ဖြိုးရေးပါတီ (Union Development Party)** က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၉-၅-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ပြည်ထောင်စုတိုးတက်ဖွံ့ဖြိုးရေးပါတီ (Union Development Party)၏ အလံပုံစံ**



**ပြည်ထောင်စုတိုးတက်ဖွံ့ဖြိုးရေးပါတီ (Union Development Party)၏ တံဆိပ်ပုံစံ**




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# မြန်မာနိုင်ငံ လေကြောင်းနှင့်အာကာသပညာတက္ကသိုလ်တွင် ကျင်းပသော လေကြောင်းနှင့်အာကာသဆိုင်ရာ ပြခန်းဖွင့်ပွဲနှင့် ကမ္ဘာ့ပထမဆုံးအာကာသယာဉ်မှူး ယူရီဂါဂါရင်ရုပ်တု လွှဲပြောင်းလက်ခံပွဲအခမ်းအနား ကျင်းပ

နေပြည်တော် မေ ၂၃

ကမ္ဘာ့ပထမဦးဆုံး အာကာသယာဉ်မှူး ယူရီဂါဂါရင်၏ ကြေးသွန်းရုပ်တုကို ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ လှူဒါန်းခြင်းအား လွှဲပြောင်းလက်ခံနိုင်ရန်၊ ရုရှား-မြန်မာ ရှိရင်းစွဲ နှစ်နိုင်ငံချစ်ကြည်ရေးအား တိုးမြှင့်ဆောင်ရွက်နိုင်စေရန်နှင့် လေကြောင်းနှင့်အာကာသဆိုင်ရာ သမိုင်းမှတ်တိုင်များ၊ မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်၏ ပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများကို ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များ လာရောက်လေ့လာနိုင်ရန် ရည်ရွယ်ချက်များဖြင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်ရှိ လေကြောင်းနှင့်အာကာသဆိုင်ရာ ပြခန်းဖွင့်ပွဲနှင့် ကမ္ဘာ့ပထမဆုံးအာကာသယာဉ်မှူး ယူရီဂါဂါရင်ရုပ်တု လွှဲပြောင်းလက်ခံပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ရှိ မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်၌ ကျင်းပသည်။

အခမ်းအနားသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး Dr. Nikolay Listopadov၊ သံရုံးအရာရှိများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ လေကြောင်းနှင့်အာကာသပညာတက္ကသိုလ်မှ တာဝန်ခံပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ လေကြောင်းနှင့်အာကာသဆိုင်ရာပြခန်းဖွင့်ပွဲအခမ်းအနားကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်မင်းနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုင်းကျော်နိုင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။



ဆက်လက်၍ ကမ္ဘာ့ပထမဆုံးအာကာသယာဉ်မှူး ယူရီဂါဂါရင်ရုပ်တု လွှဲပြောင်းလက်ခံပွဲအခမ်းအနားကိုကျင်းပရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး Dr. Nikolay Listopadov က အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် သံအမတ်ကြီးတို့က ကမ္ဘာ့ပထမဆုံးအာကာသယာဉ်မှူး ယူရီဂါဂါရင်ရုပ်တုကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဧည့်သည်တော်များနှင့်အတူ ပြခန်းအတွင်းလှည့်လည်ကြည့်ရှုကာ တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့် ဆက်လက်လျှောက်ထားလျက်ရှိ

နေပြည်တော် မေ ၂၃

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့အထိ ပါတီတည်ထောင်ခွင့် လျှောက်ထားလာသည့်အဖွဲ့ ၁၃ ဖွဲ့ရှိပြီး ယင်းသို့လျှောက်ထားသည့်အဖွဲ့များအနက် နိုင်ငံရေးပါတီ ငါးပါတီကို တည်ထောင်ခွင့်ပြုပြီး ဖြစ်သည်။

အဆိုပါ တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ငါးပါတီအနက် **ဒီမိုကရက်တစ်အင်အားစု လေဘာပါတီ**က ပါတီတည်ထောင်ခွင့်ပြုသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ ယနေ့တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားလာခြင်းဖြစ်သည်။ တည်ထောင်ခွင့်ပြုခဲ့သည့် နိုင်ငံရေးပါတီ ငါးပါတီသည် မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားပြီးဖြစ်၍ အဆိုပါပါတီများကို မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

✧ **စာမျက်နှာ ၁၃ မှ**

ကျောင်းသား ကျောင်းသူအရွယ် ကလေးငယ်များမှာ နိုင်ငံတစ်ဝန်းတွင် အမြောက်အမြားရှိနေသည်။ အဆိုပါကလေးငယ်များ ပညာဆက်လက်သင်ကြားနိုင်ရေး မိဘ၊ ဆရာ၊ တာဝန်ရှိသူများ လက်တွဲပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ယခုအခါ အကြောင်းအမျိုးမျိုးကြောင့် အခြေခံပညာအလယ်တန်းအဆင့်သို့တက်ရောက်ရန် အခက်အခဲရှိနေသူလူငယ်များနှင့် ပုံမှန်ကျောင်းများမှ အလယ်တန်းအဆင့် မပြီးမြောက်မီ ကျောင်းထွက်ခဲ့ရသော ကလေးများအတွက်လည်း ပညာသင်ယူနိုင်မှု အစီအစဉ်များရှိနေပြီဖြစ်သည်။

### ဆုံးခန်းတိုင်အောင်ပညာသင်ယူ

ကလေးများ၏အနာဂတ်သည် မိသားစုအတွက်သာမက တိုင်းပြည်အတွက်ပါ အလွန်အရေးကြီးပါသည်။ ရှေးလူကြီးသူမများ ပြောသကဲ့သို့ **"မျက်စိတစ်အောက်ကိုသာ မကြည့်ဘဲ မျက်စိတစ်ဆုံးကြည့်"** ဖို့လိုသည်။ ကလေးငယ်များ အနာဂတ်ကောင်းမွန်မှသာ အားလုံးအတွက် ပိုမိုကောင်းမွန်သည့် အနာဂတ်ဖြစ်လာမည်။ အကြောင်းအမျိုးမျိုးကြောင့် ကလေးငယ်များအား လျစ်လျူရှုမထားရန် မေတ္တာရပ်ခံလိုပါသည်။ လက်ရှိဘဝအခြေအနေအခက်အခဲကြောင့် ကလေးငယ်များ၏ဘဝများအား ရေမျောကမ်းတင်ဘဝမျိုးသို့ မရောက်စေလိုပါ။ ယနေ့မြန်မာနိုင်ငံအတွင်းရှိ အများစုဖြစ်သည့် ကလေးသူငယ်လူငယ်လူရွယ်များ၏ဘဝအခြေအနေအဆင့်အတန်းများ မည်သို့ရှိသည်ကို လေ့လာဆန်းစစ်ကြည့်လျှင် သိနိုင်သည်။

ကြောင့်ကြပူပန်စရာမလိုဘဲ ပညာကို ဖြောင့်ဖြောင့်တန်းတန်း ဆုံးခန်းတိုင်အောင် သင်ကြားနိုင်သော ကလေးသူငယ်လူငယ်လူရွယ်များမှာ အနည်းစုဖြစ်ပါလိမ့်မည်။ ပညာကို ဆုံးခန်းတိုင်အောင်မသင်ယူနိုင်ဘဲ ဘဝကို ခက်ခဲကြမ်းတမ်းစွာဖြတ်သန်းနေကြရသည့် ကလေးသူငယ်လူငယ်လူရွယ်များ အနာဂတ်အတွက် စိုးရိမ်ပူပန်မိပါသည်။

### မျှော်မှန်းသည့်ပန်းတိုင်သို့

မိဘအုပ်ထိန်းသူများအနေဖြင့် အခြားအကြောင်းအမျိုးမျိုးနှင့် မိမိတို့၏ဘဝများကြောင့် ကျောင်းသားအရွယ်ကလေးသူငယ်များ၏ ရှေ့ရေးကို ပစ်ပယ်မထားရန်လိုအပ်သည်။ မိဘတိုင်းသည် မိမိတို့သားသမီးတိုင်းကို **"ဆင်စီးမြင်းရံ"** သည်ကိုသာ မြင်လိုကြသည်။ ဉာဏ်ပညာထက်မြက်သူများဖြစ်လိုကြသည်။ မြန်မာနိုင်ငံမှ ကလေးသူငယ်လူငယ်လူရွယ်များသည် ဉာဏ်ရည်မနိမ့်ကျပါ။ ပင်ကိုအားဖြင့် အများစုသည် ဉာဏ်ကောင်းကြသည်။ ထူးချွန်ထက်မြက်သူများဖြစ်နိုင်သည်။ ထူးချွန်ထက်မြက်သည့် သို့မဟုတ် သင့်တင့်လျောက်ပတ်သည့်ဘဝတစ်ခုသို့ တက်လှမ်းနိုင်သောအစွမ်းအစများရှိသည်။ သို့သော် ပညာကို ဆုံးခန်းတိုင်အောင် မသင်ကြားဘဲ၊ ပညာကို မျှော်မှန်းသည့်ခရီးတစ်ခုသို့ ရောက်အောင် မသင်ကြားဘဲနှင့် ရောက်ရှိနိုင်မည် မဟုတ်ပါ။

အချိန်ခါရှိခိုက် လို့လစိုက်၍ ကျောင်းနေပျော်ပြီး ပညာတော်အောင် အားလုံးက ရှက်ဆောင်ကြိုးပမ်းကြပါရန် အသိပေးနှိုးဆော်အပ်ပါကြောင်း။ ။

# ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဗဟိုဆေးသိုလှောင်ရေးဌာနများသို့ လှည့်လည်ကြည့်ရှုစစ်ဆေး



**နေပြည်တော် မေ ၂၃**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကာ ဆေးကုသရေးလုပ်ငန်းများဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် PET/CT စက်ဖြင့် လူနာများ စစ်ဆေးဆောင်ရွက်မှုအဆင့်ဆင့်နှင့် Cyclotron စက် လည်ပတ်ဆောင်ရွက်နေမှုအဆင့်ဆင့်တို့ကို ကြည့်ရှုစစ်ဆေးပြီး PET/CT စက်သည် ကင်ဆာရောဂါဝေဒနာရှင်များကို ရောဂါရှာဖွေရာတွင် အလွန်အသုံးဝင်သည့် စက်ဖြစ်သဖြင့် နိုင်ငံတော်မှ ငွေအမြောက်အမြား ကုန်ကျခံကာ ဝယ်ယူဖြည့်ဆည်းထားခြင်းဖြစ်သောကြောင့် ရေရှည်အသုံးပြုနိုင်ရေးနှင့် လူနာများအတွက် အကျိုးရှိစွာအသုံးပြုနိုင်ရေးအတွက် အလေးထားဆောင်ရွက်ပေးရန်၊ PET/CT စက်ဖြင့် စစ်ဆေးရာတွင် လူနာများစစ်ဆေးမှု ခံယူရသည့် စောင့်ဆိုင်းရချိန် ကြာမြင့်မှုမရှိစေရေးနှင့် လိုအပ်သည့်ဆေးရုံသုံးပစ္စည်းများ ဖြည့်ဆည်းပေးနိုင်ရေးအတွက် မှာကြားခဲ့ကာ အရေးပေါ်ကုသမှုဌာနတွင် အရေးပေါ်လူနာများကုသပေးနေမှု၊ ပြင်ပလူနာများ ကုသပေးနေမှု၊ ခွဲစိတ်အထူးကုဆရာဝန်များအဖွဲ့ကုသမှု (Surgical Observation)၊ ဆေးပညာအထူးကုဆရာဝန်များ အဖွဲ့ကုသမှု (Medical Observation)တို့ကို ကြည့်ရှုပြီး လူနာနှင့် ကျန်းမာရေးဝန်ထမ်းများကို အားပေးစကားပြောကြားကာ အရေးပေါ်ကုသမှုဌာနရှိ အရေးပေါ်ခွဲစိတ်ခန်းတွင် ခွဲစိတ်ကုသမှုလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှု၍ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခချုပ်(ဆေးရုံအုပ်ကြီး/ကုသရေး) ဦးဆောင်သည့် ဆေးရုံစီမံအုပ်ချုပ်သူများကို တွေ့ဆုံကာ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၏ ဆေးရုံလုပ်ငန်းဆောင်ရွက်မှု တိုးတက်လာသည်ကို တွေ့ရှိရကြောင်း၊ ယခုထက် ပိုမိုကောင်းမွန်သောဝန်ဆောင်မှုများဖြင့် ကုသမှုပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးရန်၊ အရေးပေါ် ကုသမှုများ လစ်ဟင်းမှုမရှိစေရေး စနစ်တကျ စီမံခန့်ခွဲဆောင်ရွက်ပေးရန်၊ နိုင်ငံတော်မှ ခွဲဝေချထားပေးသည့် ဆေးဝါးရန်ပုံငွေများကို ပြည်သူများအတွက် အမှန်တကယ်လိုအပ်သည့် ဆေးဝါးများ ဝယ်ယူထောက်ပံ့နိုင်ပြီး လူနာများ၏ ကိုယ်ပိုင်ငွေမှ စိုက်ထုတ်ကုန်ကျရငွေ လျော့နည်းကျဆင်းစေရေးအတွက် စီမံခန့်ခွဲမှုကောင်းမွန်စွာဖြင့် အလေးထားဆောင်ရွက်ပေးရန် တို့ကို မှာကြားသည်။

**တွေ့ဆုံဆွေးနွေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆေးတက္ကသိုလ်(၁)ရန်ကုန်၌ ဆေးတက္ကသိုလ် (၁) ရန်ကုန် ဆေးပညာသင်ကြားရေးအဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးက ဘာသာရပ်ဆိုင်ရာ အထူးကုဆရာဝန်များအနေဖြင့် မိုခါမုန်တိုင်းဒဏ်သင့်နေရာများသို့ သွားရောက်၍ ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှု ပေးနေသည့်အတွက် ကျေးဇူးတင်ရှိကြောင်း၊ ပါမောက္ခဌာနမှူးများအနေဖြင့် ဘွဲ့ကြို/ဘွဲ့လွန်သင်တန်းသားများ ဆေးပညာသင်ကြားရေးအတွက် အထူးတာဝန်ရှိကြောင်း၊ အရည်အသွေးပြည့်ဝသည့် ဆေးပညာသင်ကြားမှုကို ကျောင်းချိန်အတွင်း သင်ရိုးညွှန်းတမ်းအတိုင်း ပြည့်ဝစွာသင်ကြားနိုင်ရန် စီစဉ်ကြီးကြပ်ရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များကို ဘက်စုံ၊ ထောင့်စုံမှ မွေးထုတ်ပေးလျက်ရှိကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ဆေးပညာသင်ကြားရေးအပြင်ကုသရေးလုပ်ငန်းများကိုပါ တာဝန်ယူဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မှာကြားသည်။ ဆက်လက်၍ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ထွန်းက ဆေးပညာသင်ကြားရေးဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တက်ရောက်လာကြသည့် ပါမောက္ခ/ဌာနမှူးများက ဆေးပညာသင်ကြားရေးဆိုင်ရာကိစ္စများကို တင်ပြကြရာ၊ ပြည်ထောင်စုဝန်ကြီးနှင့် ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဗဟိုဆေးသိုလှောင်ရေးဌာနသို့ သွားရောက်ကာ ဆေးနှင့်ဆေးပစ္စည်းများ စနစ်တကျသိုလှောင်ထားရှိမှုကိုလည်းကောင်း၊ မိုခါမုန်တိုင်းဒဏ်ခံစားခဲ့ရသည့် ဒေသများသို့ ပို့ဆောင်မည့် Disaster Kit များ၊ Emergency Kit များ၊ Trauma Kit များ၊ ကလိုရင်းဆေးမှုန့်များ၊ အလှူရှင်များမှ လှူဒါန်းထားသည့် ဆေးပစ္စည်းများကို စနစ်တကျထုပ်ပိုးကာ ပို့ဆောင်ရန်ပြင်ဆင်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ ဗဟိုဆေးသိုလှောင်ရေးဌာနကို ရာသီဥတုဒဏ်၊ သဘာဝဘေးဒဏ်ခံနိုင်သည့် အဆောက်အအုံဖြစ်အောင် အမြဲမပြတ်ကြည့်ရှုစစ်ဆေးပြီး ပြင်ဆင်ထားရှိရန်နှင့် ဆေးနှင့်ဆေးပစ္စည်းများ အလေအလွင့်မရှိစေရေး အဆင့်ဆင့်ကြီးကြပ်သွားရန် မှာကြားသည်။

**သတင်းစဉ်**

# ကျန်းမာရေးဝန်ကြီးဌာနမှ နယ်လှည့်အထူးကုဆေးအဖွဲ့များ ဆိုင်ကလုန်းမုန်တိုင်းမိုခါဘေးအန္တရာယ် ကျရောက်ခဲ့သည့်ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ပေးလျက်ရှိ



မာန်အောင်မြို့နယ်၌ နယ်လှည့်အထူးကုဆေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုပေးနေစဉ်။

**နေပြည်တော် မေ ၂၃**

ကျန်းမာရေးဝန်ကြီးဌာနသည် ဆိုင်ကလုန်းမုန်တိုင်း မိုခါဘေးအန္တရာယ် ကျရောက်သည့်ဒေသများတွင် မေ ၁၅ ရက်မှစတင်၍ ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက် ပေးလျက်ရှိရာ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ နယ်လှည့်အထူးကုဆေးအဖွဲ့များ၊ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့များနှင့် ဆေးအဖွဲ့များက တိုက်နယ်ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေး ဌာနခွဲများမှသည် ကျေးလက်ဒေသများသို့ ရောက်ရှိသည်အထိ ကွင်းဆင်းဆောင်ရွက်ခြင်း၊ ပြည်သူ့ဆေးရုံများတွင် ပြင်ပလူနာများ ကြည့်ရှုကုသခြင်း၊ အတွင်းလူနာများအား ကုသပေးခြင်းနှင့် ခွဲစိတ်ရန်လိုအပ်သည့် လူနာများအား ယာယီခွဲစိတ်ခန်းများ ဖွင့်လှစ်၍ ကုသပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

**ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်**

ရန်ကုန်မြို့ ဆေးတက္ကသိုလ်(၁)မှ အထူးကုဆရာဝန်ကြီးများ ပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ကျောက်တော်မြို့နယ်တွင် အခြေပြုကာ ဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က အထွေထွေရောဂါလူနာ ၂၉ ဦး၊ ခွဲစိတ်လူနာ ရှစ်ဦး၊ ကလေးလူနာ ၁၁ ဦး၊ အရိုးရောဂါလူနာ ၃၈ ဦး စုစုပေါင်း ၈၆ ဦးတို့ကို လိုအပ်သော ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

**ရခိုင်ပြည်နယ် မင်းပြားမြို့နယ်**

ရန်ကုန်မြို့ ဆေးတက္ကသိုလ်(၂)မှ အထူးကုဆရာဝန်ကြီးများ ပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် မင်းပြားမြို့နယ်တွင် အခြေပြုကာ ဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က မင်းပြားမြို့နယ်၌ ခွဲစိတ်လူနာ ၁၈ ဦး၊ အထွေထွေရောဂါလူနာ ၂၇ ဦး၊ အရိုးရောဂါလူနာ ၂၂ ဦး၊ ကလေးလူနာ ငါးဦး စုစုပေါင်း ၇၂ ဦး တို့ကို လိုအပ်သော ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

**ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်**

တောင်ကုတ်ခရိုင် ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ ပါဝင်သည့် နယ်လှည့်အထူးကု ဆေးအဖွဲ့သည် မာန်အောင်မြို့နယ်သို့ ကွင်းဆင်း၍ ဆေးကုသမှု လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ အထွေထွေရောဂါလူနာ ၂၉၇ ဦး၊ ခွဲစိတ်လူနာ ၅၅ ဦး၊ သားဖွားမီးယပ်လူနာ ၇၀၊ အရိုးအကြောလူနာ ၂၁၀၊ ကလေးလူနာ ၅၇ ဦး၊ သွားနှင့်ခံတွင်းရောဂါလူနာ ၁၅၉ ဦး စုစုပေါင်း ၈၄၈ ဦးကို လိုအပ်သော ဆေးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် လူနာ ၆၆ ဦး ကို ဓာတ်မှန်နှင့် အာထရာဆောင်း ရိုက်ခြင်းနှင့် လူနာ ၄၆ ဦးတို့ကို ဓာတ်ခွဲစစ်ဆေးခြင်းများ ဆောင်ရွက်၍ ရောဂါရှာဖွေပေးသည်။

**မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်**

မင်းဘူးမြို့ ပြည်သူ့ဆေးရုံအုပ်ကြီး ဦးဆောင်သည့် သမားတော်ကြီး၊ ခွဲစိတ်၊ သားဖွား/မီးယပ်၊ ကလေး၊ အရိုး၊ နား/နှာခေါင်း/လည်ချောင်းနှင့် မျက်စိအထူးကုဆရာဝန်ကြီးများ ပါဝင်သော နယ်လှည့်အထူးကု ဆေးအဖွဲ့သည် ယနေ့တွင် မင်းဘူးမြို့နယ် စကုမြို့သို့ ကွင်းဆင်းပြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ရုံးနှင့် မူကြိုကျောင်းတွင် အခြေပြုကာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ အထွေထွေရောဂါလူနာ ၁၀၀၊ ခွဲစိတ်လူနာ ၁၃ ဦး၊ သားဖွားမီးယပ်လူနာ ၁၇ ဦး၊ အရိုးအကြောလူနာ ၅၁ ဦး၊ နား/နှာခေါင်း/လည်ချောင်းလူနာ ၃၇ ဦး၊ မျက်စိလူနာ ၅၀၊ ကလေးလူနာ နှစ်ဦး စုစုပေါင်း ၂၇၀ ကို လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှုများ ပေးသည်။ ၎င်းအပြင် လူနာ ၂၄ ဦးကို ဓာတ်မှန်နှင့် အာထရာဆောင်း ရိုက်ခြင်းများ ဆောင်ရွက်၍ ရောဂါရှာဖွေပေးခဲ့ပြီး လာရောက်ပြသသူ ၂၅ ဦးကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးသည်။ ထိုသို့ ဆောင်ရွက်ကုသပေးနေမှုများကို မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့်အဖွဲ့က လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မုန်တိုင်းသင့်ပြည်သူများအတွက် ထိုင်းနိုင်ငံမှပေးပို့သည့် အကူအညီပစ္စည်းများ ရောက်ရှိ




ရန်ကုန် မေ ၂၃

ထိုင်းနိုင်ငံရှိ ပုဂ္ဂလိကကဏ္ဍ၊ ထိုင်းကြက်ခြေနီအသင်း၊ ထိုင်း-မြန်မာ ချစ်ကြည်ရေးအသင်းတို့က မိုခါမုန်တိုင်း ဘေးသင့်သူများအတွက် ပေးပို့လှူဒါန်းသည့် ယာယီတဲများ၊ အမိုးအကာများ၊ ဆိုလာမီးအိမ်များ၊ ကယ်ဆယ်ရေးအိတ်များ၊ ဆေးစိမ်ခြင်ထောင်များ၊ ငါးသေတ္တာများနှင့် အသင့်စားခေါက်ဆွဲခြောက်များ ပါဝင်သော လူသားချင်းစာနာမှုအကူအညီ ပစ္စည်းများ သယ်ဆောင်လာသည့် ထိုင်းတော်ဝင်လေတပ်မှ C-130 လေယာဉ် နှစ်စင်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်လေဆိပ်သို့ ရောက်ရှိသည်။

အဆိုပါ အကူအညီပစ္စည်းများကို နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာ မုံခွန်း ဝိစစ်စတန်က လွှဲပြောင်းပေးအပ်သည်။

ထိုသို့ လွှဲပြောင်းပေးအပ်ရာနေရာသို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ လူမှုရေးဝန်ကြီး ဦးအောင်ဝင်းသိန်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုင်းနိုင်ငံရှိ ပုဂ္ဂလိကကဏ္ဍ၊ ထိုင်းကြက်ခြေနီအသင်း၊ ထိုင်း-မြန်မာ ချစ်ကြည်ရေးအသင်းတို့မှ ပေးပို့လှူဒါန်းသည့် လူသားချင်းစာနာမှုအကူအညီ ပစ္စည်းများကို မိုခါမုန်တိုင်းဒဏ်သင့်ဒေသများရှိ ပြည်သူများထံ ဆက်လက်ပေးပို့ ဖြန့်ဖြူးသွားမည် ဖြစ်သည်။

**သတင်းစဉ်**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၁၀၃၆၃ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၀၄ ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၃-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၂-၅-၂၀၂၃) ရက်နေ့ ည (၈:၀၀)နာရီမှ (၂၃-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း(၁၀,၃၆၃)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၀၄) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၁၀,၅၈၈,၃၅၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၈,၂၂၀)ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၀၄) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၇,၀၉၅) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA -011834 နှင့် နိုင်ငံခြား ငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ကြေညာရာတွင် အခြားသော အီလက်ထရောနစ် ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။


၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay နှင့် OK $ တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်း လှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လဲ့လဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |






















**အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ**



# မိုခါမုန်တိုင်းဒဏ်သင့် ပြည်သူများ ထောက်ပံ့ကူညီနိုင်ရန် ရန်ပုံငွေ ပဒေသာကပွဲ ပြုလုပ်ရေး ညှိနှိုင်းဆွေးနွေး

နေပြည်တော် မေ ၂၃

မိုခါမုန်တိုင်းဒဏ်သင့် ပြည်သူများကို ထောက်ပံ့ကူညီနိုင်ရန်အတွက် ရုပ်ရှင်၊ ဂီတ၊ သဘင် အစည်းအရုံးများ ပူးပေါင်း၍ ရန်ပုံငွေပဒေသာကပွဲပြုလုပ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၂ ရက်တွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ရုပ်ရှင်ရုံခန်းမ၌ ပြုလုပ်သည်။

ညှိနှိုင်းအစည်းအဝေးသို့ ရုပ်ရှင်အစည်းအရုံးနာယကများ၊ ဥက္ကဋ္ဌနှင့် အလုပ် အမှုဆောင်အဖွဲ့များ၊ ဂီတအစည်းအရုံးနှင့် သဘင်အစည်းအရုံးမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့်ဧည့်သည်များ တက်ရောက်ကြသည်။ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် ရန်ပုံငွေပဒေသာကပွဲကို ရုပ်ရှင်၊ ဂီတ၊ သဘင် ပူးပေါင်း၍ ၂၀၂၃ခုနှစ် ဇွန် ၂ ရက်၊ ၃ ရက်နှင့် ၄ ရက်တို့တွင် အမျိုးသားကဇာတ်ရုံ (ရန်ကုန်)၌ ကပြဖျော်ဖြေမည်ဖြစ်ကြောင်း၊ ဖျော်ဖြေရေးကော်မတီ၊ အလှူငွေလက်ခံရေးအဖွဲ့နှင့် ပြန်ကြားရေးကော်မတီ၊ ကြိုဆိုနေရာချထားရေးကော်မတီ စသည်ဖြင့် ကော်မတီများဖွဲ့စည်း ဆောင်ရွက်မည်ဖြစ်ကြောင်း၊ မီဒီယာများကလည်း ကျယ်ကျယ်ပြန့်ပြန့်ဖြစ်အောင် တစ်ဖက်တစ်လမ်းက ကူညီပေးစေလိုကြောင်း၊ နေ့ရက်အလိုက် ကပြဖျော်ဖြေမည့် အစီအစဉ်မူကြမ်းကို ပြုစုထားကြောင်း၊ အားလုံးက ဝိုင်းဝန်းကူညီပေးကြစေလိုကြောင်း ပြောကြားသည်။

တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည် ဖြေကြားပေးပြီး လိုအပ်သည်များကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုကြောင့် စိုက်ပျိုးသီးနှံ ၆၂၈၃၆ ဧက ပျက်စီး

နေပြည်တော် မေ ၂၃

ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်ခံခဲ့ရသည့် ရခိုင်ပြည်နယ်နှင့် မုန်တိုင်း၏ ဆက်စပ်အရှိန်ကြောင့် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး တို့၌ စိုက်ပျိုးထားသည့် စိုက်ပျိုးသီးနှံ စုစုပေါင်း ၆၂၈၃၆ ဧက ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါပျက်စီးသွားသည့် စိုက်ပျိုးသီးနှံများတွင် ရခိုင်ပြည်နယ်မှ ငှက်ပျော ၆၀၅ ဧက၊ ကွမ်းသီးပင် ၁၃၄၅ ဧက၊ ကွမ်းရွက်ပင် ၅၈ ဧက၊ ဓနိပင် ၂၃၁ ဧက၊ ကြက်ပေါင်စေး ငါးဧကနှင့် သစ်သီးဥယျာဉ် ၁၇၀၉ ဧက၊ မကွေးတိုင်းဒေသကြီးမှ နှမ်းစပါး ၁၀၉ ဧက၊ နှမ်းနှမ်း ၄၉၅၆၉ ဧက၊ ဆောင်းနေကြာ ရှစ်ဧက၊ မိုးနေကြာ ၂၂ ဧကနှင့် မိုးပဲတီစိမ်း ၆၇၆၆ ဧက၊ မန္တလေးတိုင်းဒေသကြီးမှ နှမ်းနှမ်း ဧက ၃၅၀ နှင့် မိုးပဲတီစိမ်း ၁၇ ဧက၊ စစ်ကိုင်းတိုင်းဒေသကြီးမှ နှမ်းနှမ်း ၉၀၂ ဧကနှင့် မိုးပဲတီစိမ်း ၁၀၆၅ ဧက၊ ဧရာဝတီတိုင်းဒေသကြီးမှ ငှက်ပျော ၇၅ ဧကတို့ ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုကြောင့် တိရစ္ဆာန် ၅၃၁၉၁၃ ကောင် သေဆုံး

နေပြည်တော် မေ ၂၃

ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်ခံခဲ့ရသည့် ရခိုင်ပြည်နယ်နှင့် မုန်တိုင်း၏ ဆက်စပ်အရှိန်ကြောင့် ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့၌ ကျွဲ ၄၂၀၉ ကောင်၊ နွား ၇၆၆၆ ကောင်၊ ဝက် ၂၂၉၅ ကောင်၊ ဆိတ် ၇၃၈ ကောင်နှင့် ကြက် ၅၁၇၀၀၅ ကောင် သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါ သေဆုံးခဲ့သည့် တိရစ္ဆာန်များတွင် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်မှ ကျွဲ ၄၂၀၆ ကောင်၊ နွား ၇၅၉၃ ကောင်၊ ဝက် ၂၂၈၃ ကောင်၊ ဆိတ် ၇၃၈ ကောင်နှင့် ကြက် ၄၈၉၂၀၅ ကောင်၊ ပဲခူးတိုင်းဒေသကြီးအတွင်းမှ ကြက်ကောင်ရေ ၂၄၅၀၀၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ခြောက်မြို့နယ်မှ ကျွဲ သုံးကောင်၊ နွား ၇၃ ကောင်နှင့် ဝက် ၁၂ ကောင်၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်နှစ်မြို့နယ်မှ ကြက်ကောင်ရေ ၃၃၀၀ တို့ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၄-၅-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၉၀ | ၂၀၄၀ | ၂၀၃၅ | ၂၀၀၀ | ၂၀၃၅ | ၂၀၆၀ | ၂၀၄၅ | ၂၀၂၅ | ၂၁၂၀ | ၂၁၄၀ | ၂၀၃၀ | ၂၀၄၀ | ၂၀၇၅ | ၂၀၇၅ | ၂၀၈၀ | ၂၃၁၀ | ၂၇၀၀ |
| 95 Ron | ၂၀၈၅ | ၂၁၃၅ | ၂၁၃၀ | ၂၀၉၀ | ၂၁၃၀ | ၂၁၅၅ | ၂၁၄၀ | ၂၁၁၅ | ၂၂၁၅ | ၂၂၃၀ | ၂၁၂၅ | ၂၁၄၀ | ၂၁၇၀ | ၂၁၇၀ | ၂၁၇၀ | ၂၄၀၀ | ၂၈၀၅ |
| HSD (500 ppm) | ၁၈၉၀ | ၁၉၄၀ | ၁၉၄၀ | ၁၉၀၀ | ၁၉၄၀ | ၁၉၆၅ | ၁၉၆၀ | ၁၉၂၅ | ၂၀၄၅ | ၂၀၄၀ | ၁၉၃၀ | ၁၉၄၅ | ၁၉၇၅ | ၁၉၈၀ | ၁၉၈၀ | ၂၂၁၀ | ၂၈၀၅ |
| HSD (50 ppm) | ၁၉၇၀ | ၂၀၂၀ | ၂၀၂၀ | ၁၉၈၀ | ၂၀၂၀ | ၂၀၄၅ | ၂၀၄၀ | ၂၀၀၅ | ၂၁၂၅ | ၂၁၂၀ | ၂၀၁၀ | ၂၀၂၅ | ၂၀၅၅ | ၂၀၆၀ | ၂၀၆၀ | ၂၂၉၀ | ၂၈၆၅ |
| HSD (10 ppm) | ၁၉၇၀ | ၂၀၂၀ | ၂၀၂၀ | ၁၉၈၀ | ၂၀၂၀ | ၂၀၄၅ | ၂၀၄၀ | ၂၀၀၅ | ၂၁၂၅ | ၂၁၂၀ | ၂၀၁၀ | ၂၀၂၅ | ၂၀၅၅ | ၂၀၆၀ | ၂၀၆၀ | ၂၂၉၀ | ၂၈၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၈၆ | ၁၉၅၇ |
| 95 Ron | ၁၉၇၆ | ၂၀၄၉ |
| HSD (500 ppm) | ၁၇၉၄ | ၁၈၆၀ |
| HSD (50 ppm) | ၁၈၆၈ | ၁၉၃၅ |
| HSD (10 ppm) | ၁၈၆၈ | ၁၉၃၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ကျိုက်ထိုမြို့နယ်၌ ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် စတင်ကျောင်းအပ်လက်ခံ

ကျိုက်ထို မေ ၂၃

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းများတွင် “ကျောင်းနေအရွယ်ကလေးအားလုံး ပညာရေးမဝေးဖို့ ကျောင်းအမြန်အပ်နှံစို့” ဆောင်ပုဒ်အတိုင်း ယနေ့နံနက် ၉နာရီမှစတင်ပြီး မြို့နယ်အတွင်းရှိအခြေခံပညာကျောင်းများအားလုံးတွင် ကျောင်းအပ်စတင်လက်ခံ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ကျောင်းသား ကျောင်းသူများအား သက်ဆိုင်ရာအတန်းလိုက် ဆရာ ဆရာမများက စနစ်တကျ ကျောင်းအပ်လက်ခံပေးကြကြောင်းနှင့် KG တန်းမှ Grade-5 အထိ ကျောင်းသား ကျောင်းသူများကို ပညာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းဝတ်စုံ၊ ပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ ခဲတံနှင့် ဘောပင်များ ထောက်ပံ့ပေးပြီး Grade 6 နှင့် Grade12ထိ ကျောင်းသား ကျောင်းသူများအား ပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ကျိုက်ထို(ပြန်/ဆက်)



## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့်(သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# ဥပဒေဘောင်အတွင်း လက်နက် / ခဲယမ်းများနှင့်အတူ ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များအား ဆုကြေးငွေများ ထောက်ပံ့ပေးအပ်

နေပြည်တော် မေ ၂၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်လျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကို လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများဖြင့် ဝင်ရောက်လာသူများကို ဆုကြေးငွေများထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ဖိတ်ခေါ်မှုအား ၂၀၂၃ ခုနှစ်၊ မေ ၉ ရက်မှ ၁၆ ရက်အထိ သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

ယင်းသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ဖိတ်ခေါ်ခဲ့မှုကြောင့် မေ ၂၂ ရက်တွင် ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့မှ PDF အဖွဲ့ဝင် အမျိုးသား တစ်ဦးနှင့် ၎င်း၏မိသားစုဝင် နှစ်ဦးတို့သည် KA-22 သေနတ် တစ်လက်၊ ဘီအေ-၉၁ လက်ပစ်ဗုံး တစ်လုံး၊ အမ်ဂျီ-၁ လက်ပစ်ဗုံး တစ်လုံး၊ ခဲယမ်းများနှင့်အတူ ဗန်းမော်တပ်နယ်မှ တာဝန်ရှိသူများထံသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက သေနတ်တစ်လက်အတွက် ငွေကျပ်သိန်း ၅၀၊ လက်ပစ်ဗုံး နှစ်လုံးအတွက် ငွေကျပ် သုံးသိန်းနှင့် ခဲယမ်းဆက်စပ်ပစ္စည်းများအတွက် ငွေကျပ် သုံးသိန်း စုစုပေါင်းငွေကျပ် ၅၆ သိန်းကို ဆုကြေးငွေအဖြစ် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးပြီး လက်နက်/ခဲယမ်း ပါရှိမှုအတွက် ဆုကြေးငွေများ ထိုက်ထိုက်တန်တန် ထောက်ပံ့ပေးအပ်လျက်ရှိခြင်းကြောင့် ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိနေသူများ ကျန်ရှိနေသေးကြောင်း ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများ၏ ပြောကြားချက်အရ သိရသည်။

ထို့ပြင် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

ကြာအင်းဆိပ်ကြီးမြို့နယ် ကျိုက်ဒုံမြို့အနီးသို့ KNLA တပ်မဟာ(၆)မှ အကြမ်းဖက်မှုကို လိုလားသူများက လက်နက်ကြီးများဖြင့် လာရောက်ပစ်ခတ်ခဲ့သည့် နေရာပြပုံ




# ကြာအင်းဆိပ်ကြီးမြို့နယ် ကျိုက်ဒုံမြို့အနီးသို့ KNLA တပ်မဟာ(၆)မှ အကြမ်းဖက်မှုကို လိုလားသူများက လက်နက်ကြီးများဖြင့် လာရောက်ပစ်ခတ်မှုကြောင့် ကလေးငယ်တစ်ဦး သေဆုံးပြီး တစ်ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် မေ ၂၃

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ကျိုက်ဒုံမြို့အနီးတစ်ဝိုက်၌ လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များအား KNLA တပ်မဟာ(၆)မှ အကြမ်းဖက်မှုကို လိုလားသူများက ယနေ့ညနေပိုင်းတွင် လက်နက်ကြီးများဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ကလေးငယ် တစ်ဦး သေဆုံးပြီး တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကြာအင်းဆိပ်ကြီးမြို့နယ် ကျိုက်ဒုံမြို့အနီးတစ်ဝိုက်၌ နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များအား ယနေ့ညနေ ၃ နာရီ မိနစ် ၄၀ ခန့်တွင် KNLA တပ်မဟာ(၆)မှ အကြမ်းဖက်မှုကို လိုလားသူများက မြို့၏အနောက်မြောက်ဘက် မီတာ ၁၀၀၀ ခန့်အကွာမှနေ၍ လက်နက်ကြီးများဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်မှုကို လိုလားသူများသည် မြို့၏မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်းနှင့် အဆိုပါ KNLA တပ်မဟာ(၆)မှ အကြမ်းဖက်မှုကို လိုလားသူများ ပစ်ခတ်ခဲ့သည့် လက်နက်ကြီးကျည်များသည် ကျိုက်ဒုံမြို့ အင်တံတားအနီးသို့ ကျရောက်ပေါက်ကွဲခဲ့ပြီး အသက် ၁၄ နှစ်အရွယ်ကလေးငယ် တစ်ဦး သေဆုံးခဲ့ပြီး အသက် ကိုးနှစ်အရွယ် ကလေးငယ်တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ထိုသို့ အပြစ်မဲ့အရပ်သားပြည်သူများ နေထိုင်ရာ မြို့အတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများအား ဖမ်းဆီးအရေးယူနိုင်ရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၂၃

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

### အသိပေးသတင်းထုတ်ပြန်

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

### အမှုဖွင့်လှစ်အရေးယူ

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မွန်ပြည်နယ် မော်လမြိုင်မြို့နယ် မောင်ငံရပ်ကွက် နတ်မော်တန်းရပ်နေ ချောဆုသာသည် ၎င်းအသုံးပြုသည့် "Shone Lae Lae Wai (Chaw Su Ther)" Facebook အကောင့်နှင့် ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် မဏ္ဍပ်ချောင်းကျေးရွာနေ ကျော်မျိုးသည် ၎င်းအသုံးပြုသည့် "ကိုငယ်" Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၇၂၀ | - |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၁၉၃ သိန်း | ၄၀၈၀၇ သိန်း |
| ၃။ | သုဓမ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၂၉၇၀. ၀၀ | ၆ | ၆ | - |
| ၄။ | ဝေါပကရုံး(၄၈×၂၄×၂၉)ပေ | ၄၈၁၀. ၀၀ | ၁ | - | ၁ |
| ၅။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ | ၈၀၇၉ | ၁ | ၁ | - |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | ၁ | - |
| ၇။ | ရွေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၅၄၃. ၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း၊ အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း၊ ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | ၃၂၈၄. ၃၀ | ၁ | - | ၁ |
| ၈။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၄ ခု | ၁၄ ခု |
| ၉။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၆ တိုင် | ၃ တိုင် |
| ၁၀။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၁၆ ခန်း | ၁၈၄ ခန်း |
| ၁၁။ | မြန်မာမှုတစ်ဖက်လှခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၉၅ ခန်း | ၃၆၀ ခန်း |
| ၁၂။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၃၂. ၀၀ | ၅၀ တိုင် | - | ၅၀ တိုင် |
| ၁၃။ | လမ်းမီးတိုင်(၆ မီတာ) ၁ တိုင်လျှင် | ၁၆. ၈၅ | ၂၀၈ တိုင် | - | ၂၀၈ တိုင် |
| ၁၄။ | Garden Light (၄ မီတာ) ၁ တိုင်လျှင် | ၁၉. ၀၀ | ၃၆၆ တိုင် | - | ၃၆၆ တိုင် |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၅၅ ခု | ၄၉၇ ခု |
| ၁၆။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၈. ၅၀ | ၇၅၇၆. ၃၅ ကျင်း | - | ၇၅၇၆. ၃၅ ကျင်း |
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၅၀ | ၂၁၈. ၁၄ ကျင်း | ၂၉ ကျင်း | ၁၈၉. ၁၄ ကျင်း |
| ၁၈။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၆. ၅၀ | ၈၄၇၃ ကျင်း | - | ၈၄၇၃ ကျင်း |
| ၁၉။ | မုစလိန္ဒအိုင် | ၂၂၇၃၁. ၀၂ | ၁ | ၅၃၈၅ သိန်း | ၁၇၃၄၆. ၀၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၈. ၅၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၅. ၂၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၅၄၀. ၀၀ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၇၂၀. ၀၀ | ၁ | - | ၁ |
| ၂၀။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၂၁၉. ၀၀ | ၁၂၇ ခု | - | ၁၂၇ ခု |
| ၂၁။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Creamy Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၁၀၀၀ စုံ | ၅၈၆ စုံ | ၄၁၄ စုံ |
| ၂၂။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၂၀. ၀၀ | ၅၀၀ စုံ | ၂၄၄ စုံ | ၂၅၆ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၂၄/ငွေပင်လယ်)၊ ဆိပ်ကမ်းသာလမ်းနှင့် ၆-လမ်း၊ ငွေပင်လယ်စက်မှုဇုန်၊ မြေကွက်အမှတ်-(၄၃)၊ မြေအကျယ်အဝန်း(၄၄၂ပေ x ၂၂၅ပေ)၊ ဧရိယာ(၂.၁၉၄)ဧက၊ (၉၅၅၇၀) စ/ပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်၊ ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦများနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

အထက်အမည်ပါ အဆောက်အဦနှင့် မြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ဒေါ်မြမြအေး[၁၂/လသန(နိုင်)၀၁၃၂၅၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသန်းညွန့်(LL.B)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၅၂၂၇)**
**ဦးနိုင်ထွဋ်လင်း(LL.B)** — **အထက်တန်းရှေ့နေ(စဉ်-၃၅၄၅)**
**အမှတ်(၃၆၅)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၅၀၆၁၅၇၊ ၀၉-၇၈၅၅၀၆၁၅၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၀)၊ မြေကွက်အမှတ် (၁၂၆၀)၊ မြေအကျယ်အဝန်း (အလျားxအနံ) (၄၀ပေx၆၀ပေ)ရှိ ဗိုလ်မှူးသိန်းဇော် အမည်ပေါက် မြေချပါမစ်မြေကွက်ကြီးအနက်မှ တရားဝင်မခွဲမစိတ်ရသေးသောမြေကွက်ကြီး၏ (ခေါင်းရင်းဘက်)အခြမ်း၊ မြေကွက်အမှတ် (၁၂၆၁)နှင့်ကပ်လျက်ဘက်အခြမ်းဖြစ်သော မြေအကျယ်အဝန်း (အလျားxအနံ) (၂၀ပေx၆၀ပေ)ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ယခုအခေါ် အမှတ်(၁၂၆၀/ခေါင်းရင်း)၊ နေကြာ(၄)လမ်း၊ (၅၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သည့် (၁)ထပ်(RC) နေအိမ်(၁)လုံး ရေ၊ မီးအစုံအလင် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေချပါမစ်မိတ္တူ၊ ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ တရားဝင်လက်ရောက်ပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူများဖြစ်သော ဦးခင်မောင်သိန်း [၁၂/ဥကမ(နိုင်)၀၂၀၂၄၇]နှင့် ဒေါ်အေးအေးသိန်း [၁၂/ဥကမ(နိုင်)၀၃၉၃၀၄]တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက (၂၂-၅-၂၀၂၃) ရက်စွဲပါ "မြေနှင့်အိမ်အရောင်းအဝယ် စရန်ပေးကတိစာချုပ်"ဖြင့် တန်ဖိုးငွေများအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေ၍ ဝယ်ယူထားပါသည်။ အဆိုပါ ပစ္စည်းနှင့်ပတ်သက်၍ အပြီးသတ်ငွေ အပြေအကျေပေးချေပြီး တရားဝင်လက်ရောက်ပိုင်ဆိုင်ရေးကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့်အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တရားဝင်ပိုင်ဆိုင်ရေးကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်အေးသန္တာမြင့်**
**LL.B,W.I.P.O (Switzerland)**
**အထက်တန်းရှေ့နေ**
**(စဉ်-၅၅၀၃၇)**

**ဒေါ်ခင်နီလာဦး**
**LL.B, D.B.L, B.D.S (MOFA) (Dip in English),**
**W.I.P.O (Switzerland)**
**အထက်တန်းရှေ့နေ (စဉ်-၃၉၁၁၃)**

**အမှတ်-၁၁၀၆/ခ၊ အဏ္ဏဝါလမ်းနှင့် ကန်သာယာ(၂)လမ်းထောင့်၊ (၃၅) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၂၆၄၅၀၉၉၄၅၊ ၀၉-၄၄၂၇၅၃၆၁၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၊ မြေကွက်အမှတ်-၈၆၅/က၊ မြေကွက်တည်နေရာ အမှတ်-၈၆၅/က၊ အင်းဝလမ်း၊ (၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်ညိုညိုသင်း[၁၂/ဥကတ(နိုင်)၀၅၆၃၅၂]၊ (S/OKA-၀၈၃၅၂၉) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် အမည်ပေါက် ဒေါ်ညိုညိုသင်း(အပျိုကြီးဘဝ)ဖြင့် ကွယ်လွန်သဖြင့် ၎င်း၏ညီမအရင်းဖြစ်သူ ဒေါ်ဝင်းဝင်းခိုင်[၁၂/ဥကတ(နိုင်)၀၅၆၃၅၇]မှ တစ်ဦးတည်းသော ညီအစ်မအရင်း တော်စပ်ကြောင်းကျမ်းကျိန်လွှာ(၁၈၁၆/၂၄-၃-၂၀၂၃)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်၊ နိုင်/ကတ်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဝန်ဆောင်ခတို့တင်ပြ၍ ပိုင်ဆိုင်+အရောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်ုပ်၏ မိတ်ဆွေများဖြစ်ကြသည့် ဦးမင်းဗဟာဒူး (၁၃/လရန (နိုင်) ၀၉၂၈၃၃) နှင့် ဇနီး KWE FONE (ဒေါ်ကွေဖုန်) (၁၃/လရန (ပြ) ၀၀၀၀၆၆) တို့၏ သားဖြစ်သူ မောင်ရာဇာကျော်မင်း(ခ) အောင်ခန့်မင်းသည် မိဘများ၏ ဆုံးမစကားကို လုံးဝနားမထောင်ဘဲ မိဘများအား ကိုယ်စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုမူပြီး မိမိသဘောဆန္ဒအလျောက် နေအိမ်မှထွက်ခွာသွားသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း (၂၃- ၅ -၂၀၂၃) မှစ၍ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် မောင်ရာဇာကျော်မင်း(ခ) အောင်ခန့်မင်းနှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေများထံ ဆက်သွယ်မေးမြန်းခြင်းများ မပြုလုပ်ပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးမိုးဝင်း
အထက်တန်းရှေ့နေ (စဉ်-၃၆၁၈၃)
အမှတ် (၁၂၂)၊ ပထမထပ်၊ အနော်ရထာလမ်း (ပန်းဆိုးတန်းလမ်းနှင့်အနော်ရထာလမ်းထောင့်)၊ (၄)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း- ၀၉-၂၅၀၀၆၂၅၉၃၊ ၀၉-၄၄၁၁၆၉၇၇၀။

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁)ရပ်ကွက်၊ ရန်ကင်းလမ်း၊ မြေကွက်အမှတ်(၄E၊ ၄B၊ ၃) မြေကွက်ပေါ်ရှိ Golden City Condo၊ Basement (၁)+(၃၄) ထပ်Tower(၂)လုံး Residential အပါအဝင် အဆောက်အဦ၏ Level-12၊ (Block 2)-အခန်းအမှတ်(12-04)၊ အကျယ်အဝန်း (၁၆၆၀) စတုရန်းပေရှိသော တိုက်ခန်း(၁)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်ပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ Golden Land Real Estate Development Co., Ltd က တာဝန်ယူဝန်ခံ၍ ရောင်းချရာ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သော ဦးရာဇာထွေး[၉/ပဘန(နိုင်) ၁၂၅၇၆၈]နှင့် ဒေါ်သက်မာလွင်[၇/ညလပ(နိုင်) ၀၉၃၀၃၃]တို့က ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မိုးခင်အိ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၁၅၁)**
**အမှတ်(၃၇)၊ ပွဲစားလမ်း၊ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၄၃၀၇၁၁၄၈**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၀-၅-၂၀၂၃ရက်နေ့ထုတ် ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ(၂၈)ပါ ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း တရားလွှတ်တော်ရှေ့နေ ဦးတင်မောင်ဝင်း၊ ဒေါ်ဥမ္မာလွင်တို့၏ ကြော်ငြာတွင် ဦးခင်မောင် အစား ဦးခင်မော် [၁၂/လသန(နိုင်) ၀၀၃၄၉၃]ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/တပင်ရွှေထီးရပ်၊ တပင်ရွှေထီးရပ်ကွက်ရှိ တပ်ကြပ်ကြီးစရောဘတ်၊ (ကိုယ်ပိုင်အမှတ် ၅၈၈၈၅၇)၊ [၁၂/မရက(နိုင်) ၀၃၃၆၂၆]၊ အဖအမည် ဦးမန်းအောဘီ အမည်ပေါက် ပါမစ်မြေကွက်အမှတ် ပစ(င)၄၁၄၄ အမည်ပေါက် (ကွယ်လွန်) ၏ တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်လှလှစိန် [၁၂/ရကန (နိုင်) ၀၂၇၄၆၀]၊ အဖအမည် ဦးလှမှ တရားဝင် အမွေခံဖြစ်ကြောင်း တရားရုံး ကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ တပ်ကြပ်ကြီးစရောဘတ် သေဆုံးခြင်း လက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အဦပုံများ တင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့ ဧရိယာ (၄၀ ပေ x ၆၀ ပေ) မြေကွက်အမှတ်-၁၇၅၅ မြေကွက်နှင့်စပ်လျဉ်း၍ အကျိုးသက်ဆိုင်ခွင့်ရှိပါက ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာချက်

အထက်ဖော်ပြပါ မြေကွက်ကြီးသက်သက်မှာ မူလ အမည်ပေါက် ဒေါ်တင်နွဲ့(ဘ)ဦးထူးသာ အမည်ဖြင့် တည်ရှိပြီး ၎င်းမှ အဆင့်ဆင့် လွှဲပြောင်းရောင်းချပြီးနောက် နောက်ဆုံးလက်ဝယ် ဝယ်ယူပိုင်ဆိုင်လက်ရှိ ရရှိထားသူက လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသည့် ဒေါ်ဝါဝါဝင်း [၁၃/ကလန(နိုင်)၀၅၆၆၅၅]ထံမှ ကျွန်ုပ်မိတ်ဆွေ ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်၍ မည်သူမဆို မြေကွက်နှင့်စပ်လျဉ်းပြီး အကျိုးသက်ဆိုင်ခံစားခွင့်ရှိပါက (၃၁-၅-၂၀၂၃) ရက်နေ့ နောက်ဆုံးထား ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ် ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးထွန်းအောင်ကျော် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၀၇၈/၂၀၀၂)**
**အမှတ်-၃၃၊ ပထမထပ်၊ ဓမ္မစိန္တာလမ်း၊ ကျားကွက်သစ်စံပြရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၁၄၇၀၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ ခတ္တာလမ်း၊ အမှတ်-၁၈၊ ခတ္တာကွန်ဒိုရှိ မြေညီမှ စတင်ရေတွက်သော် (၈) လွှာ၊ (Unit-A) (A-7) ဟု ခေါ်တွင်သော (၁၅၂၁) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်း (၁) ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သည့် ရေ၊ မီး၊ ကားရပ်နားခွင့်အပါအဝင် အကျိုးခံစားခွင့်များကို **ဦးသန်းစိုး (၉/ကပတ (နိုင်) ၀၅၂၉၄၆)** က ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ရောင်းချရန် ကမ်းလှမ်းခဲ့ရာ ၎င်းထံမှ အပြီးအပိုင် ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေက စရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

**ခင်အေးမာ**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၈၇၁)**
**ဖုန်း - ၀၉-၅၁၄၉၃၈၂**

**မေမီစော**
**အထက်တန်းရှေ့နေ(စဉ်-၄၉၄၀၈)**
**ဖုန်း - ၀၉-၇၉၅၃၉၉၆၃၈**

**အမှတ်-၅၆၃ (ပ-ထပ်)၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂၀)၊ မြေကွက်အမှတ်(၄၀၈)၏ မြေအကျယ်အဝန်း (၄၀x ၆၀)ပေရှိ ဦးစိုင်းသောင်းကြည်[၁၃/တကန(နိုင်)၁၄၃၄၆၅] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအမျိုးအစား မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးသိန်းနိုင်ထွန်း[၁၂/ဒဂရ(နိုင်)၀၃၄၂၆၆]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခု ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂)**
**(LL.B,D.I.L)**

**ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉)**
**(LL.B,D.B.L,D.I.L,WIPO Switzerland)**

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၅၇၇၅၁၂၄၁**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ စစ်ဗိုလ်ကြီးကျေးရွာနေ အဖ ဦးအောင်မြင့်[၇/ဒဥန(နိုင်)၀၃၄၃၇၄]နှင့် အမိ ဒေါ်မြင့်ကြည်[၇/ဒဥန(နိုင်)၀၃၄၂၉၆]တို့၏သားဖြစ်သူ မောင်ရဲမင်းထွေး(ခ)ရဲထွေး[၇/ဒဥန(နိုင်)၁၄၀၂၈၁]သည် မိဘအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် (၂၃-၅-၂၀၂၃)ရက်မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝများအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**အဖ-ဦးအောင်မြင့်**
**အမိ-ဒေါ်မြင့်ကြည်**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ ဗိုလ်သူရလမ်း၊ အမှတ် (၇၉) မြေညီထပ်(ခြေရင်းခန်း)၏ မှန်ခန်း တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဦးလှဝေ[၁၄/ပသန(နိုင်)၀၁၅၄၇၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဇင်နီဝင်း [၁၂/ကမတ(နိုင်)၀၄၈၁၃၅]က အပြီးအပြတ် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးသိမ့်သိမ့် (LL.B) (D.M.L)**
**အထက်တန်းရှေ့နေ (စဉ် - ၂၅၀၇၁)**
**အမှတ်(၅၉)၊ (၄- ဘီ) ရတနာပုံလမ်း၊ ဈေးကြီးအရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၆၅၁၈၈၄၁၂**

## ကယားပြည်နယ်အစိုးရအဖွဲ့
## လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန
## ကယားပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
## တင်ဒါခေါ်ယူပြီး ကျန်ရှိသောလုပ်ငန်းများအား ဒုတိယအကြိမ် တင်ဒါထပ်မံခေါ်ယူခြင်း

၁။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကယားပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာရေးနှစ်၊ ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျန်ရှိသော လမ်း၊ တံတား၊ အဆောက်အဦ တည်ဆောက်ရေးလုပ်ငန်းများအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းပေးနိုင်ပါရန် ဖိတ်ခေါ်ကြေညာအပ်ပါသည်-

| | | |
|---|---|---|
| (က) | အိတ်ဖွင့်တင်ဒါစတင် ရောင်းချမည့်ရက် | - ၂၃-၅-၂၀၂၃(အင်္ဂါနေ့) ရုံးချိန်အတွင်း |
| (ခ) | အိတ်ဖွင့်တင်ဒါပိတ်မည့် ရက်နှင့်အချိန် | - ၅-၆-၂၀၂၃(တနင်္လာနေ့)၊ ညနေ(၄:၃၀)နာရီ |
